www.burmeseclassic.com

အချစ်နှင့်စွန့်စားခန်း လုံးချင်းဝတ္ထုသည်နှင့်သန်

# ရွှေဘဝင်
## ရွှေမျော်တော

သစ္စာမွန်စာပေ



L လင်း

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေခြင်း - ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - (၅၀၀) ကျပ်
ထုတ်ဝေသူ - ဦးသက်လွင်(သစ္စာမွန်စာပေ)(၀၀၇၇၃)
အမှတ်(၃၈)၊ မလွှကုန်းလမ်း
ကျောက်မြောင်း၊ တာမွေ။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ- ဦးသက်လွင် (၀၀၆၅၁)
သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊
တာမွေလမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ကွန်ပျူတာ - ပန်းအိစံ
ဖြန့်ချိရေး - သစ္စာမွန်စာပေ
စာအုပ်ချုပ် - သစ္စာမွန်

၈၉၅.၈၃
ရွှေဘဝင်
ရွှေမော်တော/ရွှေဘဝင်။-ရန်ကုန်
သစ္စာမွန်စာပေ၊ ၂၀၁၆။
၂၀၅-စာ၊ ၁၂×၁၈ စင်တီ။
(၁) ရွှေမော်တော

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

### မမျှော်လင့်သော အန္တရာယ်

“ဝါး…”

တစ်ချက်သန်းဝေလိုက်ရင်း သုံ့ထက်ပိုင်သည် ကားကို ပျင်းရိစွာမောင်းနှင်နေ၏။ ကားမောင်းနေပေမယ့် သူသည် အိပ်ချင်စိတ်ကို မဖျောက်နိုင်ပါပေ။ သုထက်ပိုင်၏ ပုံမှန်အိပ်ယာထချိန်က မနက် ကိုးနာရီ။ အခုမှ မနက် သုံးနာရီသာရှိသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီဇင်ဘာ မနက်ခင်းမို့ ကားလမ်းတလျှောက် ပတ်ဝန်းကျင်တွင် မြူနှင်းများဝေနေ၏။ လမ်းမထက်ဝယ် ကားအသွားအလာ အနည်းငယ်သာရှိ၏။ အေးလေ…ဒီအချိန်က ချမ်းချမ်းနဲ့အိပ်ယာထဲမှာ ကွေးကောင်းမယ့်အချိန်မျိုး။

သုထက်ပိုင်သည် အိပ်ယာက မထချင်ထချင်ဖြင့် မနည်းလူးလဲထလာရခြင်းဖြစ်၏။ မထလို့လည်းမဖြစ်၊ ကချင်ပြည်နယ်တွင် သတင်းထောက်လုပ်နေသော သူ၏ဦးလေးကို အဝေးပြေးကားဂိတ်တွင် ကြိုရမည်ဖြစ်သည်။

သုထက်ပိုင်တွင် မိဘနှစ်ပါးလုံးမရှိတော့ပါပေ။ ငယ်ရွယ်စဉ်ကပင် မိဘဆုံးသွားသော သုထက်ပိုင်ကို အဖေ၏ညီ ဦးလေးနေရောင်ဝင်းက ပြုစုစောင့်ရှောက်ထားခြင်းဖြစ်၏။ သုထက်ပိုင်ဘွဲ့ရသည်အထိ ဦးလေးက အနီးကပ်စောင့်ရှောက်ထား၏။ ဦးလေးနေရောင်ဝင်းသည် သတင်းထောက်တစ်ယောက်ဖြစ်၏။ သတင်းလိုက်ခြင်း၊ ဓာတ်ပုံရိုက်ခြင်းတို့၌ ဝါသနာထုံ၏။ သတင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းရဖို့အတွက်ဆိုလျှင် ထမင်းမေ့ ဟင်းမေ့ကြိုးစား၏။ တစ်ရံတစ်ခါ နယ်ဘက်သို့ခရီးထွက်တတ်၏။

လွန်ခဲ့သော (၂)နှစ်ခန့်က ကချင်ပြည်နယ်သို့ သတင်းလိုက်သွားရာမှ အဆက်အသွယ်ပြတ်သွားခြင်းဖြစ်၏။ မနေ့ကမှ ထူးထူးဆန်းဆန်း အဝေးပြေးဂိတ်ကို လာကြိုဟု ဖုန်းဝင်လာတော့ သုထက်ပိုင် ဝမ်းသာသွား၏။ ဦးလေးနှင့်အဆက်အသွယ်မရတော့ သုထက်ပိုင်တစ်ယောက်တည်း ရန်ကုန်မှာ ယောင်ချာချာဖြစ်နေ၏။ ယော အခု ဦးလေးနေရောင်ဝင်း ပြန်လာချေပြီ။ သုထက်ပိုင်သည် သူ၏ ဦးလေးကို အလွန်ချစ်၏။ မိဘမေတ္တာငတ်သော သုထက်ပိုင်သည် ဒီဦးလေးကိုသာလျှင် အဖေလိုတစ်မျိုး၊ အမေလိုတစ်ဖုံ အားကိုးချစ်ခင်နေရ၏။

မည်မျှကြာအောင် အတွေးပင်လယ်မျောနေသည်မသိ။ သုထက်ပိုင်မောင်းလာသော ကားသည် အောင်မင်္ဂလာအဝေးပြေးကွင်းနားသို့ပင် ရောက်နေချေပြီ။ သုထက်ပိုင်သည် ဂိတ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com


(၁)မှ ကားကွင်းအတွင်းသို့ မောင်းဝင်လိုက်၏။ ထို့နောက် သုထက်ပိုင်သည် သူ၏ကားကို Arrival ဘေးရှိ နေရာလွတ်တစ်ခုတွင် ပါကင်ထိုးလိုက်၏။ သုထက်ပိုင် ကားတံခါးကို ဖွင့်ပြီး အောက်သို့ဆင်းလိုက်စဉ် သူ၏ကားအနီးတွင် Super Custom ကားတစ်စီး ဂူးခနဲ ထိုးဆိုက်လာပြီး ကားပေါ်မှ လူငါးယောက် အလျင်အမြန်ဆင်းလာကြ၏။

ထိုသူများသည် အလွန်အမင်းအရေးကြီးဟန် ပုံပေါက်နေသောကြောင့် သုထက်ပိုင် ဖြတ်ခနဲ သတိထားကြည့်မိ၏။ ဆင်းလာကြသူများမှာ မိုက်တိမိုက်ကန်း ပုံစံများဖြစ်ပြီး လက်မောင်းများတွင်လည်း တက်တူးကိုယ်စီထိုးထားကြ၏။ ထိုလူငါးယောက်သည် Arrival ထဲသို့ ဝင်သွားပြီး တစ်စုံတစ်ယောက်ကို အသည်းအသန်ရှာဖွေနေဟန်တူ၏။ ကိုယ်နှင့်မဆိုင်သော ကိစ္စဖြစ်သဖြင့် သုထက်ပိုင်သည် ဆက်မစုံစမ်းတော့ဘဲ ဦးလေးနေရောင်ဝင်း စီးလာသောကားကိုသာ မျှော်နေလေ၏။


www.burmeseclassic.com

www.burmeseclassic.com


ဟော… ပိုင်ဖြိုးသူ ကားဆိုက်လာပါပြီ။ ဦးလေးနေရောင်ဝင်းက ပိုင်ဖြိုးသူကားနဲ့လိုက်လာမည်ဟု ဖုန်းဆက်ထားသောကြောင့် သုထက်ပိုင်သည် ကားတံခါးဝအနီးသို့ချဉ်းကပ်သွား၏။ ခရီးသည်များ အစီအရီ ဆင်းလာကြ၏။

"ဟင်.. ခရီးသည်တွေလဲကုန်သွားပြီ၊ ဦးလေးလဲ မပါလာဘူး"

"ဇကန္တ ဦးလေး နောက်တစ်စင်းမှ ပါမယ်ထင်တယ် စောင့်ဦးမှ"

သုထက်ပိုင်သည် ထောင့်စွန်းနားက ထိုင်ခုံတစ်ခုံတွင် ထိုင်ချလိုက်၏။

"ရှတ်…ရှတ်… လူလေး သုထက်ပိုင်"

နောက်ကနေ ခေါ်သံကြား၍ သုထက်ပိုင်လှည့်ကြည့်လိုက်၏။ တိုင်အကွယ်တွင် ဦးလေးနေရောင်ဝင်း…

"ဟင်…ဦးလေး.."


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ပိုင်ဖြိုးသူကားနဲ့လာမှာဆိုလို့ ကားနား မှာစောင့်နေတာ၊ ဦးလေးက ဘယ်လိုရောက်လာတာလဲ"

"အေးကွာ… ငါက ကားကွင်းအဝင်ကတည်းက ဆင်း နေလိုက်တာ၊ မင်းဒီမှာစောင့်နေမယ်ထင်လို့ လာရှာတာ၊ ရော့ ဒီမှာ မင်းအတွက်လက်ဆောင်"

ဦးလေးနေရောင်ဝင်းသည် သူထက်ပိုင်၏ လည်ပင်းဝယ် ဆွဲကြိုးတစ်ကုံးဆွဲပေးလိုက်၏။ လော့ကတ်သီးရှည်ရှည်ပြားပြား လေးတစ်ခုပါသော ရွှေဆွဲကြိုးသေးသေးလေးဖြစ်၏။

"ဟာ…ဦးလေးကလည်း ဘာတွေလော်နေတာလဲ၊ အိမ် ရောက်မှပေးလဲရတာကို"

"အေးပါကွာ… ငါကပေးချင်နေလို့ပါ၊ ယူထားလိုက်၊ ကဲ…လာ…လာ…လူလေး… အိမ်ပြန်ရအောင်"

ဦးလေး၏ ပုံစံမှာအနည်းငယ် ပြာယီပြာယာဆန်နေ၏။ မျက်လုံးကလည်း ဂဏာမငြိမ် ဟိုကြည့်ဒီကြည့်…



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး…ဘာဖြစ်နေတာလဲ"

"ဘာမှမဟုတ်ပါဘူးကွာ… ခရီးပန်းလာလို့ပါ၊ လာ… အိမ်ပြန်နားရအောင်"

"အာ…ဟုတ်သားပဲ၊ ကျွန်တော်မေ့နေလိုက်တာ၊ ဆောရီး ဦးလေးရေ…"

တူဝရီးနှစ်ယောက် ကားပေါ်တက်လိုက်ကြ၏။ သုထက်ပိုင်သည် ကားကွင်းမှ ကားကိုမောင်းထွက်ခဲ့၏။ ကားပေါ်ရောက်မှ ဦးလေးနေရောင်ဝင်းကို သေချာကြည့်မိ၏။

"ဦးလေး…ဒီတစ်ခေါက် တော်တော်ပိန်လာတယ်နော်၊ မျက်ကွင်းတွေလဲ ညိုလို့၊ တော်တော်ပင်ပန်းခဲ့လား"

"ပင်ပန်းတာပေါ့ လူလေးရယ်…"

ဦးလေး နေရောင်ဝင်းသည် သုထက်ပိုင်နှင့်စကားပြော နေပေမယ့် မျက်လုံးတွေက သုထက်ပိုင်ထံမရှိပါပေ။

ကားမှန်မှနေ၍ ရှေ့နောက်ဝဲယာ စိတ်မချသလို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေ၏။

"ဦးလေး..ဘာဖြစ်နေတာလဲ၊ အေးဆေးပေါ့"

"အေးပါ လူလေးရယ်.. အိပ်ချင်လို့ပါ၊ အိမ်ကို မြန်မြန်သာမောင်း"

Super Custom ကားတစ်စီး သုထက်ပိုင်တို့ကားနောက် ခပ်လှမ်းလှမ်းမှ လိုက်လာသည်ကို သုထက်ပိုင် တစ်ယောက် သတိမမူမိပါလေ။

×××××××××××



www.burmeseclassic.com

www.burmeseclassic.com

သုထက်ပိုင်သည် တိုက်ပုလေးဘေးတွင်ကားကိုရပ်လိုက်၏။

"ကဲ..ဦးလေ...ရောက်ပါပြီဗျာ.."

သုထက်ပိုင် အိမ်တံခါးကိုဖွင့်လိုက်၏။

"လူလေး..အိမ်တံခါးကို သေသေချာချာပိတ်နော်"

"ဟာ...ဦးလေးကလဲ၊ ဘာမှစိတ်ပူစရာမရှိဘာ၊ ဒီရပ်ကွက်မှာ သူခိုးမရှိပါဘူး"

"ဘာပဲဖြစ်ဖြစ် သေချာသော့ခတ်ပါကွာ"

"ဦးလေး... ဘာတွေဖြစ်နေတာလဲ၊ အင်းပါ... ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



သဘောကျပိတ်ပေးပါ့မယ်”

“ကဲ…ဦးလေး… ရေချိုးပြီး ခဏနားဦးဗျာ၊ ကျွန်တော် စားစရာတစ်ခုခု စီစဉ်လိုက်ဦးမယ်”

သုထက်ပိုင် နောက်ဖေးမီးဖိုချောင်သို့ဝင်သွားလေ၏။

ဦးလေး နေရောင်ဝင်းသည် တစ်ယောက်တည်း ဂဏာမငြိမ်ဖြစ်လျက်ကျန်ခဲ့၏။

ဦးလေး နေရောင်ဝင်းသည် အိမ်ရောက်သော်လည်း ကောင်းစွာအနားမယူနိုင်ပါပေ။ တစ်စုံတစ်ခုကိုတွေးကာ ကြောက်လန့်နေ၏။

သုထက်ပိုင်တို့နောက်ကိုလိုက်လာသော Super Custom ကားသည် အိမ်နှင့်မနီးမဝေးတွင် ရပ်လိုက်၏။

ကားပေါ်မှ လူငါးယောက်သည် လက်နက်ကိုယ်စီဖြင့် ဆင်းလာကြ၏။

“ဟော့ကောင်··စောအယ်·· ဝိပိရိရိရှိပါစေနော်၊ ဒါ တို့



www.burmeseclassic.com

www.burmeseclassic.com



နယ်မြေမဟုတ်ဘူး၊ မြို့ပေါ်ရောက်နေတာ”

“သိပါတယ်ဆရာရှိုးဟန်ရယ်၊ အခြေအနေကြည့်ပြီးမှ လှုပ်ရှားမှာပါ”

လူငါးယောက် တိုက်ပုလေးအနီးသို့ တိတ်တဆိတ် ချဉ်းကပ်လာကြ၏။

မီးဖိုချောင်တွင် စားစရာစီစဉ်နေသော သုထက်ပိုင်သည် လူဆိုးများချဉ်းကပ်လာသည်ကို သတိမမူမိချေ။

လူဆိုးခေါင်းဆောင် ရှိုးဟန်သည် အိမ်ရှေ့ပြူတင်းမှန်မှ အတွင်းသို့ချောင်းကြည့်လိုက်၏။

အိမ်ရှေ့ခန်းဝယ် နေရောင်ဝင်းသည် ဂဏာမငြိမ်လမ်းလျှောက်နေသည်ကိုမြင်လိုက်ရ၏။

ရှိုးဟန်သည်လက်တစ်ဖက်ကိုမြှောက်ပြလိုက်၏။ လူဆိုးတစ်ဦးသည် အသင့်ပါလာသော ပလာစတာဖြင့် ပြူတင်းပေါက်မှန်ကို အသာအယာကပ်လိုက်၏။ ထို့နောက် တူဖြင့်မှန်ကို



www.burmeseclassic.com

www.burmeseclassic.com



ထုလိုက်၏။

"ခွပ်"

အသံသည် ခပ်အုပ်အုပ်ထွက်လာ၏။ များစွာမကျယ်ပေ။ ပြူတင်းပေါက်မှန်သည် ကြေသွား၏။ သို့သော် ပလာစတာကပ်ထားသောကြောင့် မှန်ကွဲစများ ပြုတ်ကျမသွားပါပေ။

ထို့နောက် ပလာစတာကိုခွာလိုက်၏။ မှန်ကွဲစများ ကပ်ပါလာပြီး ပြူတင်းမှန်တွင် အပေါက်ဖြစ်သွား၏။

ထိုအပေါက်မှ လက်လျှိုပြီး တံခါးချက်ကို ဖွင့်လိုက်၏။,

"ဂျောက်.."

"ကျွီ...."

ပြူတင်းတံခါးပွင့်ပြီး လူဆိုးများဝင်လာမှ နေရောင်ဝင်းသည် ကြောက်လန့်သွား၏။

"ဟင်..ဟင်...မင်း..မင်းတို့"

"ဟား..ဟား...ဟုတ်ပါတယ် နိုင်ငံကျော်သခင်း



www.burmeseclassic.com

www.burmeseclassic.com



ထောက်ကြီးရဲ့၊ ကျုပ်တို့ပါ၊ ဘာလဲ တော်တော်လန့်သွားလား"

"မင်းတို့ ငါ့အိမ်ထဲကို ဘာကိစ္စဝင်လာတာလဲ၊ ငါရဲတိုင်လိုက်ရမလား"

"ကြောက်တတ်ရင် ဒီအထိလိုက်မလာဘူး သတင်းထောက်ကြီးရဲ့၊ တိုင်လေ‥ တိုင်လိုက်လေ၊ ရဲမလာခင် ခင်ဗျား ဘဝကူးသွားမယ်"

"မင်းတို့ဘာလိုချင်တာလဲ"

"ကျုပ်တို့ဘာလိုချင်တာလဲဆိုတာ ခင်ဗျား ပိုသိပါတယ်၊ အသက်မသေချင်ရင် အသာတကြည်ထုတ်ပေးပေတော့"

"ငါ့ဆီမှာမရှိဘူး၊ ဘာမှ ပါမလာဘူး"

"ဒီမှာ သတင်းထောက်ကြီး၊ အရှုးကွက်နင်းမနေနဲ့၊ မပေးရင် ဒီနေ့ ခင်ဗျားဘဝနောက်ဆုံးနေ့ပဲ"

"ငါဘာမှမသိဘူး၊ ငါ့ဆီမှာဘာမှမရှိပါဘူးကွာ"

အိမ်ရှေ့ခန်းတွင် ဆူဆူညံညံအသံများကြားလိုက်ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com


သုထက်ပိုင်သည် တံခါးဝမှ ခေါင်းကြည့်လိုက်၏။

"ဟင်...လူစိမ်းတွေပါလား"

သုထက်ပိုင်သည် အသံမပေးသေးဘဲ ဟိုဟိုဒီဒီရှာလိုက်၏။ ကြက်သွန်လှီးဓားကို တွေ့၍ကောက်ယူလိုက်၏။ လှည့်အထွက်တွင် ဒန်အိုးဖုံးကိုတိုက်မိ၏။

"ဝွမ်း...ခလွမ်း...."

"စောအယ်...နောက်ဖေးက အသံကြားတယ်၊ သွားကြည့်စမ်း"

တံခါးကြားတွင် ပုန်းနေသော သုထက်ပိုင်သည် ဝင်လာသော စောအယ်ကို ဓားဖြင့်ဆီးထိုးလေ၏။

"ခွပ်..."

"အ...အု..အ.."

စောအယ်သည် ဓားဒဏ်ရာကြောင့်လဲကျသွားလေ၏။

သုထက်ပိုင်သည် အိမ်ရှေ့ခန်းသို့ပြေးဝင်လိုက်ပြီး လူဆိုး


www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးကို ခြေဖြင့်ကန်လိုက်၏။

နေရောင်ဝင်းသည်လည်း သူ့ကိုသေနတ်ဖြင့်ချိန်ထားသော ရှီးဟာန်၏လက်ကို ပုတ်ထုတ်လိုက်ပြီး ဝင်လုံးလေ၏။

သုထက်ပိုင်၏ခြေကန်ချက်မိသွားသောလူဆိုးသည် တော်တော်နှင့်ပြန်မထနိုင်တော့ပါ။

ကျန်သော နှစ်ယောက်အနက် တစ်ယောက်သည် သုထက်ပိုင်ကို ဓားနှင့်ဝင်ထိုး၏။

သုထက်ပိုင် ဖျတ်ခနဲ ရှောင်တိမ်းလိုက်ပြီး လက်ကိုလိမ်ချိုးလေ၏။

"ဂျွတ်…"

"အား…အား…"

ဆူဆူညံညံ အသံများကြောင့်ဘေးအိမ်မှ လူများနိုးလာကြ၏။ အိမ်များ မီးဖွင့်ကြည့်ကြလေ၏။

ထိုအချိန်တွင် ကျန်သောလူဆိုးတစ်ယောက်သည် ရှီးဟာန်



www.burmeseclassic.com

www.burmeseclassic.com



နှင့်လုံးထွေးသက်ပုတ်နေသော နေရောင်ဝင်းကို ဓားနှင့်ထိုးလေ၏။

"ခွပ်..."

"အား..."

"ဟာ...ဦးလေးထိသွားပြီ"

သုထက်ပိုင်သည် ထိုလူဆိုးအား လက်သီးနှင့်ထိုးလိုက်လေ၏။

"ခွပ်..."

လူဆိုးများသည် ပတ်ဝန်းကျင်မှလူများ ဝိုင်းလာမည် စိုးသောကြောင့် လဲကျနေသော သူတို့လူများကို ထမ်းခေါ်ကာ ထွက်ပြေးသွားကြ၏။

သုထက်ပိုင် ဦးလေးနေရောင်ဝင်းကိုပွေ့လိုက်၏။

"ဦးလေး..ဘယ်လိုနေသေးလဲ..ဖြစ်ရလေဗျာ.."

"အ...အ... ငါမရတော့ဘူးထင်တယ်လူလေး"

"ဟာ..ဦးလေးကလည်း ကျွန်တော် ဆေးရုံခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



မယ်”

“နေပါစေလူလေး..မင်းကိုငါပြောစရာရှိတယ်”

“ဘာလဲဟင်ဦးလေး... မောနေပါမယ် ဖြည်းဖြည်းပြော ပါ”

“အ...အ...လူလေး..အရေးကြီးဆုံးက မင်းနဲ့အနီး ဆုံး.....အ......”

ဦးလေး နေရောင်ဝင်းသည် စကားကိုဆုံးအောင်မပြော နိုင်ဘဲ ဖက်ကျိုးကျသွား၏။

“ဦးလေး...ဦးလေး...ဖြစ်ရလေဗျာ..”

“အီး..ဟီး..ဟီး...”

သုထက်ပိုင်သည် ဦးလေးကိုတွေးပွေ့ရင်း ဝမ်းနည်းစွာ ငို၏။

သုထက်ပိုင်သည် ဘာလုပ်ရမှန်းမသိအောင်ပင်ငေးငိုင် နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးလေး လူ့လောကမှ ထွက်ခွာသွားသည်မှာ သူ့အတွက် အိပ်မက်ပမာဖြစ်နေ၏။

ပြေးကြည့်မှ သွေးသားရင်းဆိုလို့ ဒီဦးလေးတစ်ယောက်သာရှိသဖြင့် အထီးကျန်သလို ခံစားနေရ၏။

သုထက်ပိုင်သည် ဦးလေး၏ခရီးဆောင်အိတ်ကိုရှာကြည့်၏။

အဝတ်အစားအဟောင်း သုံးလေးစုံကိုတွေ့ရ၏။ ဦးလေး၏ ပိုက်ဆံအိတ်ကိုဖွင့်ကြည့်၏။

ငွေသုံးသောင်းနှင့် သတင်းထောက်ကဒ်တစ်ခု၊ မှတ်ပုံတင်သာထွက်လာ၏။

အခြားတန်ဖိုးကြီးပစ္စည်း ဘာမှမတွေ့ရပါပေ။ ဒါဆိုလျှင် ဘာကြောင့် လူဆိုးတွေကဦးလေးကိုရန်မူကြပါသနည်း။

ငွေကြေးကြောင့်တော့မဖြစ်နိုင်။

အခြားအကြောင်းအရာကဘာလဲ?

လူဆိုးတွေက ဘယ်ကလဲ?



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘာကိုလိုချင်ကြတာလဲ?

ဘာကြောင့်ဦးလေးနောက်ကို သဲသဲမဲမဲလိုက်နေကြတာလဲ?

ဦးလေးမသေခင်ပြောသွားသော "အရေးကြီးဆုံးက မင်းနဲ့ အနီးဆုံး" ဆိုတာကဘာလဲ?

"ဟူး...မောလိုက်တာ"

သုထက်ပိုင်သည် အတွေးများဖြင့် ချာချာလည်သွား၏။

အဖြေမရှိသောမေးခွန်းများက သူ့ကိုပင်ပန်းစေ၏။ အားကိုးစရာဦးလေးလဲမရှိတော့ပါပေ။

စိတ်ပန်းလူပန်းဖြစ်သွားသော သုထက်ပိုင်သည် ဆိုဖာပေါ်သို့ပစ်လှဲလိုက်လေ၏။

×××××××××××



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

### အဆုံးမသိသော ခရီးအစ

ဦးလေးအသုဘရက်လည်ပြီးသောအခါ သုထက်ပိုင်သည် ခရီးထွက်ရန် ဆုံးဖြတ်လိုက်၏။

အဖြေအားလုံးရနိုင်သော ဦးလေးသတင်းသွားယူသော ကချင်ပြည်နယ်သို့သွားဖို့ စိတ်ကူးထား၏။

ဘဲဥအစရှာမရဖြစ်နေသော မေးခွန်းများအတွက် အစမှစ ကာခြေရာကောက်ရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



သုထက်ပိုင်သည် ရန်ကုန်မှမန္တလေးသို့ကားဖြင့်ခရီးဆက်ခဲ့၏။

မန္တလေးရောက်သောအခါ စိန်တောင်ကြီးဟိုတယ်တွင် ခေတ္တတည်းခို၏။

ဟိုတယ်မှ ဆိုင်ကယ် ကယ်ရီငှားပြီးဘူတာကြီးသို့ထွက်ခဲ့၏။

မြစ်ကြီးနားသို့ထွက်မည့် ရထားလက်မှတ်ဝယ်ရန်ဖြစ်၏။ လက်မှတ်ဝယ်ပြီး ပြန်ထွက်လာသောအခါ သုထက်ပိုင်တို့ ဆိုင်ကယ်နောက်သို့ ဆိုင်ကယ်တစ်စီး မယောင်မလည်နှင့်ကပ်ပါလာ၏။

နောက်ကလိုက်လာသောဆိုင်ကယ်သည် အနီးသို့ကပ်မလာပါပေ။

ခပ်လှမ်းလှမ်းမှသာ အကဲခတ်ရင်း လိုက်လာ၏။ သုထက်ပိုင် ဟိုတယ်သို့ရောက်သောအခါ နောက်မှလိုက်လာသော ဆိုင်ကယ်သည် ပြန်လှည့်သွားပြီ။

အန္တရာယ်၏အရိပ်အငွေ့ကို သုထက်ပိုင်စတင်ခံစားမိချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ညရောက်သောအခါ သုထက်ပိုင်သည် သတိထားအိပ်၏။

အိပ်ယာဘေးတွင် ဓားတချောင်းအသင့်ချထား၏။

သို့သော် မနက်မိုးလင်းသည်အထိ သုထက်ပိုင် မည်သည့် အန္တရာယ်မှ မတွေ့ရပါပေ။

မုန်တိုင်းတိုက်ခါနီး လေပြေလေညှင်းလာခြင်းပေလော။

မနက်မိုးလင်းသောအခါ သုထက်ပိုင်သည် နံနက်စာစားပြီး ဘူတာရုံသို့ထွက်ခဲ့၏။

ဘူတာရုံရောက်သော် မိမိစီးရမည့်မြစ်ကြီးနား ရထား မဆိုက်သေးသဖြင့် ခဏစောင့်ရ၏။

ရထားဆိုက်သော် မိမိစီးရမည့်ခုံကို ရှာပြီးထိုင်လိုက်၏။ သုထက်ပိုင်၏ဘေးတွင် အသက်ငါးဆယ်ခန့် လူကြီးတစ်ဦးနှင့် မျက်နှာချင်းဆိုင်ခုံတွင် မိန်းမခပ်ဝဝနှစ်ဦးထိုင်နေ၏။

“ဦး…ဘယ်ထိ သွားရမှာလဲ”

“မြစ်ကြီးနားထိ မောင်ရင်”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဟိုပင်မှာဆင်းဒမယ်ခင်ဗျ"

"အော်… မနက်ကိုးနာရီလောက်ဆို ဟိုပင်ဘူတာရောက်ပါပြီကွယ်"

တစ်နေကုန်ရထားစီးရသည်မှ အေးဆေး၊ မည်သည့်ထူးခြားချက်မှမတွေ့ရသေးပါချေ။

မဲဇာတောင်ခြေနားက ဘုံကျောင်းကြားသို့ရောက်သောအခါ ရထားသည်တုံ့ခနဲရပ်သွား၏။

မကြာမီခရီးသည် အချင်းချင်းပြောသံကြားလိုက်ရ၏။

"ရထားလမ်း ရေကျော်နေတယ်တဲ့"

"ဒုက္ခပါပဲ…ကြာဦးမယ်ထင်ပါရဲ့ကွာ"

သုထက်ပိုင်သည် ရထားပေါ်မှဆင်းကာ အညောင်းပြေ ဟိုဟိုဒီဒီ လျှောက်သွားလိုက်၏။

တကယ်တော့ ဘုံကျောင်းကြားသည် တောင်နှစ်လုံးကြား တွင် ကျဉ်းမြောင်းသောနေရာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရှာငယ်တစ်ခုမှလွဲ၍ ဘာမှမရှိပါပေ။

ဘယ်နေရာကြည့်ကြည့် တောင်နှင့်ချောက်များသာပြည့်နေ၏။

ရထားရပ်သောနေရာနှင့် ရွာမှာအတော်လှမ်းသေး၏။

သုထက်ပိုင်သည် စားစရာရလိုရငြား ရွာသို့ထွက်ခဲ့၏။ ရွာထိပ်တွင် အကြော်မှလွဲ၍ ဘာဆိုင်မှမရှိပါပေ။

သုထက်ပိုင်သည် အကြော်ကိုဝအောင်စားပြီး ပြန်လာခဲ့၏။

အပြန်လမ်းတွင် လူပြတ်သောနေရာအရောက်တွင် လမ်းပေါ်တွင် လူသုံးယောက်ပိတ်ရပ်နေသည်ကိုတွေ့လိုက်ရ၏။

"မိတ်ဆွေတို့က ဘယ်သူတွေလဲ၊ ကိုယ့်လမ်းကို အေးအေးဆေးဆေးသွားရင်ကောင်းမယ်"

"ဟေ့ကောင်··မင်းဦးလေးက မင်းကို ပေးထားတဲ့ ပစ္စည်းငါ့ကိုပေးစမ်း"

"ခင်ဗျား ဘာတွေပြောနေတာလဲ၊ ဦးလေးမှာ ငွေသုံးသောင်းကလွဲပြီး ဘာမှ မပါလာဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ဒီကောင် အသားနာချင်ပြီထင်တယ်၊ ဆရာ… နည်းနည်း ပညာပေးလိုက်ရအောင်”

“ဒီမှာ ဦးလေးက ကျုပ်ကို ဘာမှမပေးခဲ့ဘူး၊ အေး… ခင်ဗျားတို့သိထားဖို့က သုထက်ပိုင်ဆိုတဲ့ကောင်က ကိုယ့်ရန်စလာရင် ဘယ်တော့မှ ငုံ့မခံတတ်ဘူး”

“အား…ဒီကောင်…ကဲကွာ…”

လူဆိုးတစ်ယောက်သည် သုထက်ပိုင်ကို ခုန်ကန်လိုက်၏။

“ဝုန်း…”

“အား…”

“ဒီလောက်နဲ့ တက်မလာနဲ့၊ သေသွားတယ်”

သုထက်ပိုင်သည် ခုန်ဝင်လာသော ခြေကိုရှောင်လိုက်ပြီး ခေါက်ပိုးကို လက်ဝါးစောင်းနှင့်ခုတ်လိုက်၏။

လူဆိုးသည် ပုံကနဲ လဲသွား၏။

ကျန်သောနှစ်ယောက်အနက် တစ်ယောက်သည်ဓားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ထိုး၏။

"ကဲ..ကွာ..သေစမ်း.."

"ဂွှတ်..အား..အား..အား..."

သုထက်ပိုင်သည် လက်ကိုလိမ်ချိုးလိုက်ပြီး အခြား တစ်ယောက်ကို ခြေနှင့်လှမ်းကန်လိုက်၏။

"ဖြောင်း.."

"အား..."

ခဏအတွင်းမှာပင် လူဆိုးသုံးဦးမြေပေါ်တွင် အော်ဟစ်ငြီးငြူနေကြ၏။

"နေဦး..မင်း..နောက်ကျသိမယ်"

"လုပ်လိုက်လေ... သုထက်ပိုင်တို့က နေရာမရွေးဘူး၊ လူမရွေးဘူး"

"မင်း...ထမင်းဝဝစားထား"

သုထက်ပိုင်သည် ရထားဆီသို့ထွက်လာခဲ့၏။ နကြာမီ



www.burmeseclassic.com

www.burmeseclassic.com



ရထားကြီးသည် ခရီးဆက်လေ၏။

"ဘူ…ဘော်…"

မနက် ကိုးနာရီကျော်သောအခါ ဟိုပင်ဘူတာသို့ဆိုက်ရောက်လေ၏။

"လူလေး… ထ..ထ.. ဟိုပင်ရောက်ပြီ"

မှေးခနဲ အိပ်ပျော်သွားသော သုထက်ပိုင်ကို ဘေးမှဦးကြီးက လှုပ်နှိုးလိုက်၏။

သုထက်ပိုင်သည် ခရီးဆောင်အိတ်ကိုဆွဲကာ ရထားပေါ်မှဆင်းလိုက်၏။

××××××××××××



www.burmeseclassic.com

www.burmeseclassic.com

"ကားငှားမလား ညီလေး‥ ဘယ်သွားမလဲ"

"မှော်ထဲကို"

"ခုနစ်သောင်းခွဲကျမယ် ညီလေး"

"ဗျာ‥"

"မဗျာနဲ့…ဒီတစ်စီးပဲကျန်တော့တာ၊ မငှားချင်နေ"

"မဟုတ်ပါဘူးဗျာ‥အံ့ဩလို့ပါ"

"ဒီဒေသမှာငွေက တန်ကြေးမရှိဘူး ညီလေး… ဈေး မဆစ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါဗျာ…ကားကဘယ်မှာလဲ"

"ဒီမှာ…တက်"

ကားမှာ ဖိုးဝိုးကားဖြစ်၏။ သို့သော် ကားဘီးများမှာ တာယာမရှိတော့ပါပေ။ ဘီးလေးခုစလုံး ချိန်းကြိုးများပတ်ထား၏။ မြေနီရွှံ့များကပ်နေသောကြောင့် ကားသည်ရုပ်လုံးမပေါ်တော့ပါချေ။

"ဒီဒေသမှာလမ်းကြမ်းတယ်ကွ၊ တစ်လမ်းလုံး မြေနီရွှံ့စေးတွေချည်းပဲ၊ ချိန်းကြိုးပတ်မထားရင် တောင်ပေါ်ကချော်ကျပြီး ချောက်ထဲကျ မသာပေါ်မှာပဲ"

ကားသမားသည် ကားကိုကျင်လည်စွာမောင်းနှင်နေ၏။

တောင်တက်လမ်းသည် ချော်သောကြောင့် ကားသည် အောက်သို့ မကြာခဏ လျှောကျ၏။

ချိန်းကြိုးများကြောင့်သာ သက်သာခြင်းဖြစ်၏။ အတွေ့အကြုံမရှိသော သုထက်ပိုင်သည် အသည်းတယားယားဖြင့် စီးနေ



www.burmeseclassic.com

www.burmeseclassic.com



ရ၏။

"ဒီမှာက အသွားအပြန် ဒီတစ်လမ်းပဲရှိတာ မင်းအသက်ရှင်ချင်သေးရင် မှတ်ထားပေါ့"

"ဘာပြောတာလဲ…အကို"

"ဒါတောထဲရောက်နေတာကွ၊ အခန့်မသင့်ရင် မင်းသောင်းကျန်းသူတွေနဲ့တွေ့နိုင်တယ်"

"ဘာရယ်"

"သောင်းကျန်းသူလက်နက်ကိုင်တွေပေါ့ကွာ"

"သူတို့နဲ့ပေါင်းပြီး ကျင်းရှောက်စန်းက တောထဲမှာ နီဗွာန်ဘုံလာဆောက်နေတာပေါ့ကွာ"

"ဒီလူတွေကတော့ နီဗွာန်ကလွတ်လာသလိုပဲဟော့"

ကားမောင်းသူသည် အနီးမှဖြတ်သွားသော ဖောကားတစ်စီးကို မေးငေါ့ပြရင်းပြောလိုက်၏။

ဖောကား၏နောက်ခန်းတွင် အလုပ်သမားများအပြည့်တင်



www.burmeseclassic.com

www.burmeseclassic.com



ထား၏။

အလုပ်သမားများ၏ အဝတ်အစားများမှာ ဟောင်းနွမ်းစုတ်ပြတ်နေပြီ လူများမှာလဲ အာဟာရမပြည့်ဝသလို ပိန်ချုံးနေကြ၏။

အလုပ်သမားများ၏ မျက်လုံးများမှာ ဟောက်ပက်ဖြစ်နေပြီး မျက်ဝန်းအကြည့်များမှာ ရန်လိုဟန်ရှိ၏။

"ဒီလူတွေအားလုံးဟာ ကျင်းရှောက်စန်းရဲ့ ရွှေမှော်တွင်းက ပြန်လာကြသူတွေပေါ့ကွာ"

"ကျင်းရှောက်စန်းဆိုတာ..."

"ကျင်းရှောက်စန်းဆိုတာ တရုတ်လူမျိုးပေါ့ကွာ၊ သူကဒီမှာ သောင်းကျန်းသူလက်နက်ကိုင်တချို့နဲ့ ပေါင်းထားတယ်၊ တရားမဝင်ရွှေကိုအကြီးအကျယ်တူးတယ်၊ ဒီနယ်မှာတော့ သူဘုရင်ပဲပေါ့"

ကားကိုဆက်လက်မောင်းထွက်လာရာ ရှေ့နားတွင် ဝါးတားဂိတ်တစ်ခုကို တွေ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com


ပျောက်ကျား အကျီဝတ်ထားသော လက်နက်ကိုင်လေးဦး ကိုတွေ့ရလေ၏။

ကားသမားသည် ကားကိုရပ်လိုက်၏။ ထို့နောက် လက်နက်ကိုင်တစ်ဦးအား ငွေတစ်သောင်းပေးလိုက်၏။

ထိုအခါမှ ဂိတ်တံခါးဖွင့်ပေးလေ၏။

“ဒီနယ်မြေမှာတော့ ဒီလိုငွေကောက်ခံမှုတွေရှိတယ်ကွ၊ ဒါပဲကြည့် သူတို့တောင်းတဲ့ လမ်းကြေးပေးရင် ဘယ်သူ့ကိုမှ အန္တရာယ်မပေးပါဘူး”

နယ်မြေကျွမ်းကျင်သော ကားဆရာသည် သုထက်ပိုင်ကို သေချာရှင်းပြလေ၏။

သုထက်ပိုင်သည် ကားသမားကို ကျေးဇူးတင်မိ၏။

ကားဆရာဆီကကြားရသော ဗဟုသုတသည် သူ့အတွက် အကျိုးရှိသည်မဟုတ်ပါလား။

မကြာမီပင် သုထက်ပိုင်သည် ဒေသအခေါ် “မော်” ဟေသို့


www.burmeseclassic.com

www.burmeseclassic.com



ရောက်လာလေ၏။

နေရာတိုင်းတွင် အင်ဂျင်စက်သံတဒိုင်းဒိုင်းကြားနေရ၏။

ရောမမြေတူးစက်ကြီးများကိုလဲ တွေ့မြင်ရ၏။ မြေစာပုံကြီးများမှာလဲ တောင်လောက်နီးနီးရှိ၏။

ရွှေတူးသမားတို့နေထိုင်သော ရွက်ဖျင်တဲများကိုလဲ နေရာအနှံ့မြင်တွေ့နေရ၏။

ထမင်းဆိုင်များ၊ ကွမ်းယာဆိုင်များ၊ အရက်ဆိုင်များ၊ အနှိပ်ခန်းများ၊ ဘိန်းခန်းများလည်း ပေါလှ၏။

"ဒီနေရာမှာ ငွေရှိရင် အကုန်ရနိုင်တယ်ညီလေး"

"ဟုတ်ကဲ့…ကျွန်တော့်အတွက်တည်းခိုစရာ တဲအိမ်လေးများငှားရနိုင်မလား"

ကားသမားသည် သုထက်ပိုင်အတွက်တဲအိမ်တလုံးရှာပေး၏။

တဲအိမ်ကျင်းကျစ်းလေးပေါ်တွင် သုထက်ပိုင်လဲလျောင်းလိုက်၏။ ကဲ…ရောက်တော့ရောက်ပြီ၊ ဘယ်ကစရမလဲမသိသေး



www.burmeseclassic.com

www.burmeseclassic.com



သူထက်ပိုင်သည် မောမောနှင့်အိပ်ပျော်သွားလေ၏။

မှော်ထဲတွင်ရှိသော အရက်ဆိုင်တစ်ခု။

စိုင်းနောင်သည် လက်ထဲတွင်သစ်ခွပန်းစည်းလေးကိုကိုင်ရင်း အရက်ဆိုင်ထဲဝင်လိုက်၏။

ထို့နောက် အရက်အရောင်းကောင်တာနားသို့ ချဉ်းကပ်သွား၏။

အရက်ကောင်တာတွင် မိန်းမချောလေးတစ်ဦးသည် ကျောပေးကာ အရက်ပုလင်းများကို စီနေ၏။

စိုင်းနောင်သည် မိန်းမချောလေးကို လှမ်းပြောလိုက်၏။

"ငါ ဒီသစ်ခွပန်းတွေကို ဟိုး…တောနက်ကြီးထဲက ခူးလာတာဟ"

မိန်းမချောလေးသည် လှည့်၍ပင်မကြည့်ပါချေ။

"တောက ငါပြောပြတာထက်တောင် နက်သေးတယ်၊ နောက်ပြီး ဒီသစ်ခွပန်းကို ဘယ်သူမှတောင် နာမည်မပေးရသေး



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဒါ… မျိုးစိတ်အသစ်ဟာ”

“ငါကတော့ ဒီပန်းတွေကိုနာမည်ပေးလိုက်တော့မယ်၊ ငါ စဉ်းစားမိတာကတော့ လှပတဲ့စကားလုံးတစ်လုံးကို ကိုယ်စားပြု တဲ့ပန်းပဲ”

“နန်းလှလှ”

ထိုအခါမှ မိန်းမချောလေးသည် စိုင်းနောင်ကို လှည့်ကြည့် လေ၏။

“နင်ဘာလိုချင်လာပြန်ပြီလဲ စိုင်းနောင်”

“ငါ နင့်အကိုရဲ့ ဆိုင်ကယ်ကို နှစ်ရက်၊ သုံးရက်လောက် ငှားချင်လို့”

နန်းလှလှသည် ချာကနဲဟိုဘက်လှည့်သွား၏။ စိုင်းနောင်က ပြာပြာသလဲရှင်းပြ၏။

“ငါပြန်ပို့မှာပါဟ၊ ခဏပါ”

“မရဘူးဟေ့…အရင်တစ်ခါ ငှားတုန်းကလည်း ဘက်မှန်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကာဗာပြန်ပါမလာတော့ဘူး”

“ဒီတစ်ခေါက် ငါအောင်မြင်မှာပါဟ”

“ပြောတာပဲ…ပြီးတော့လဲဘာမှမဟုတ်ဘူး”

“နင်ရှာနေတာ အိုသေတော့မယ်၊ ဘယ်မှာလဲ နတ်သမီး ရုပ်တု”

“ရှူး…တိုးတိုးပြောပါဟ၊ ကူညီပါ လုလုရယ် နင်နဲ့ငါက ငယ်သူငယ်ချင်းအရင်းတွေပဲကို”

“အဲဒါဆို အပေးအယူတစ်ခုလုပ်ရအောင်”

“ဘာလဲ”

“နင်သွားရင်ငါ့ကိုခေါ်သွားရမယ်”

“အာ…နင်လိုက်လို့မဖြစ်ပါဘူး”

“ငါ့ကိုမခေါ်ရင် ဆိုင်ကယ်ယူမပေးဘူး”

“နင်တော်တော်ဆိုးတာပဲ လုလုရယ်”

“နောက်ပြီး နင်ရလာတဲ့ပစ္စည်း တစ်ဝက်ခွဲပေးရမယ်”



www.burmeseclassic.com

www.burmeseclassic.com



"အင်···ဘာဆိုင်လဲ၊ ငါကြိုးစားထားတာကို"

"အခု··ငါလိုက်မှာဆိုတော့ ငါလဲဆိုင်တယ်လေ၊ တစ်ဝက်ခွဲပေးရမယ်"

"မရဘူး··· ၇၀-၃၀"

"ဟင့်အင်း···၅၀-၅၀"

"၆၀-၄၀"

"၅၀-၅၀"

"စိုင်းနောင်···ခြောက်နာရီထိုးရင် ငါပြန်ပြီနော်"

"လုလု··နင်ကတော့ တကယ့် ခေါင်းမပဲ"

"ရော့··ပန်းယူထား"

"စိုင်းနောင်သည် မကျေမနပ်ဖြင့် လုလုအား သစ်ခွပန်းပေးကာ ဆိုင်ထဲမှ ထွက်ခဲ့၏။

××××××××××××



www.burmeseclassic.com

www.burmeseclassic.com

သူထက်ပိုင်သည် အိပ်ယာမှ နိုးသောအခါ ကားဆရာကြီးကို လိုက်ရှာ၏။

"ဗျို့…အစ်ကို…ကျွန်တော့်ကိုတစ်ခုလောက်ကူညီပါ"

"ဘာလဲညီလေး"

"ဒီနယ်မှာ ဘယ်သူအကြီးဆုံးလဲ"

"ဘယ်လို့လဲကွ၊ ညီရ"

"အင်း…ကျွန်တော်က အခုမှရောက်တာလေ၊ နောက်ပြီး ဟိုဟိုဒီဒီသွားချင်တော့ ဒီနယ်ကလူကြီးဆီမှာခွင့်တောင်းအား



www.burmeseclassic.com

www.burmeseclassic.com



မလားလို့ပါ"

"ကောင်းတယ်··ဒါမှအန္တရာယ်ကင်းတယ်"

"ဒီမြေမှာတော့ ကျင်းရှောက်စန်းက အာဏာအရှိဆုံးပဲ၊ အစိုးရကပေးတဲ့အာဏာတော့မဟုတ်ဘူး၊ သူက လက်နက်ကိုင်တွေကို ပေါင်းထားတော့ ဒီနယ်မှာ ဘယ်သူမှ သူ့ကိုမလွန်ဆန်ဝံ့ဘူး"

"ညီလေး····· မင်း ဒီနယ်မှာရွှေရှာချင်ရင်တော့ ကျင်းရှောက်စန်းနဲ့ ထိပ်တိုက်မတွေ့အောင်ရှောင်ကွ၊ သူနဲ့ထိပ်တိုက်တွေ့သူတွေဟာ မပြန်လမ်းသွားတာများတယ်၊ တကယ်တော့ ကျင်းရှောက်စန်းဟာ လက်နက်ကိုင်တွေနဲ့ပေါင်းပြီး ဒီနယ်မှာ ဂုတ်သွေးစုတ်နေတာကြာပြီ၊ ရွှေရှာရလာသူတွေဟာ သူ့ဆီမှာရောင်းရတယ်၊ သူက မတရားဈေးနှိမ်ဝယ်တယ်၊ အင်း··သူ့ဆီမရောင်းရင်လဲ လက်သည်မပေါ်ဘဲ သေသွားတာပဲကွ"

"ကျွန်တော့်ကို သူ့ဆီခေါ်သွားပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေး…ငါနဲ့လိုက်ခဲ့"

မော်ထဲဝယ် ကျောင်းရှောက်စန်း၏ တဲအိမ်ကြီးသည် အလွန်ပင်ကြီးမား၏။

လက်နက်ကိုင်အစောင့်များလည်း အလွန်များ၏။

"ဆရာကျင်း…ဒီညီလေးက ဆရာနဲ့တွေ့ချင်တယ်ဆိုလို့ ခေါ်လာတာပါ"

"ပြောပါဦး…မင်းကဘာလုပ်ဖို့လာတာလဲ"

"ကျွန်တော် ရွှေရှာဖို့လာတာပါ"

သုထက်ပိုင် ကြည့်ကောင်းအောင်လိမ်ပြောလိုက်၏။

"မင်းက ငါ့မော်တွင်းမှာလုပ်မှာလား"

"မဟုတ်ပါဘူး၊ ကျွန်တော်က တစ်ယောက်တည်း သီးသန့်ရှာချင်တာပါ"

"အေး…ဒါဆိုရင်လဲ ဒီနယ်မှာ ကြိုက်တဲ့နေရာတူး၊ ရလာတာကို ငါ့ဆီ ၆၀ ရာနှုန်းပြန်ရောင်းရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ·· သဘောတူတယ်"

"မင်းအရင်က လုပ်ဖူးလား"

"မလုပ်ဖူးပါဘူး"

"အေး··ဒါဆို··ဇော်လတ်·· သူ့ကိုငါ့မော်တွင်းလိုက်ပြလိုက်၊ သူမြင်ဖူးအောင်"

"ဟုတ်ကဲ့ဆရာ·· ကဲ··ကိုယ့်လူသွားမယ်"

သုထက်ပိုင်သည် ကျောင်းရှောက်စန်း၏ တပည့်ခေါ်ဆောင်ရာသို့လိုက်သွား၏။

ကျောင်းရှောက်စန်း၏မော်တွင်းသည် ငရဲခန်းတစ်ခုနှင့်တူ၏။ ကြီးမားနက်ရှိုင်းသော တွင်းကြီးထဲတွင် ရွှေတူးသမားများသည် ပင်ပန်းစွာလုပ်ကိုင်နေရ၏။

တွင်းသည် မည်မျှနက်သည်မသိ၊ အောက်ခြေကိုမမြင်ရပေ။

ကားဆရာသည် သုထက်ပိုင်ကိုမေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘာယ်လိုမြင်လဲ"

"ငရဲဘုံတစ်ခုလိုပါပဲ"

"အဲဒီ ငရဲဘုံက ကျင်းရှောက်စန်းအတွက်တော့ ရောမ ရတနာသိုက်ကြီးပါပဲ ငါ့ညီရာ"

ကားဆရာသည် မော်တွင်းကို စိတ်မသက်သာသလို ကြည့်လိုက်ပြီး သူ၏စကားကိုဆက်၏။

"သတို့သမီးလေးတစ်ယောက်က ရွှေဆွဲကြိုးကို သူ၏ လည်တိုင်ပေါ်တင်လိုက်ဖို့၊ သူဌေးတစ်ယောက်က ရွှေလက်ပတ်နာရီနဲ့ ကြွားနိုင်ဖို့၊ Rapper တစ်ယောက်ပြုံးလိုက်တိုင်း လှပတဲ့ ရွှေသွားလေးပေါ်လာဖို့တွေက ဒီပေးဆပ်မှုတွေကရလာတဲ့ ရလာဒ်တွေလေ"

"ကမ္ဘာတစ်ဖက်မှာ အလင်းရောင်ရဖို့ ကမ္ဘာတစ်ဖက်က မှောင်ပေးရသလိုမျိုးပေါ့"

ကားသမားစ၏စကားသည် ဒဿနဆန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူထက်ပိုင်နှင့် ကားသမားသည် မှော်ထဲမှ ပြန်ခဲ့လေ၏။

"အကို…ကျွန်တော့်အတွက် ဆိုင်ကယ်တစ်စီးရှာပေးနိုင်မလား"

"ရတာပေါ့…ကိုးသိန်းခွဲလောက်ရှိမယ်"

"ရှော့…ကိုးသိန်းခွဲ"

"ရှော့…ဒါကခင်ဗျားအတွက်တစ်သိန်း"

"ဘော်ဒါကြေးလား"

"ဆိုပါတော့…နောက်ပြီး ကျွန်တော်ပြန်ချင်ရင် အကို ကားနဲ့အသင့်စောင့်နေပေးပါ"

"ကောင်းပြီလေ…မင်းအတွက်အချိန်မရွေး ငါစောင့်ပေးမယ်"

ညနေစောင်းသောအခါ ကားဆရာသည် ဆိုင်ကယ်တစ်စီး လာပေး၏။



www.burmeseclassic.com

www.burmeseclassic.com



သုထက်ပိုင်သည် ဆိုင်ကယ်ဖြင့် ဟိုဟိုဒီဒီသွားကြည့်လိုက်ဓါ၏။

××××××××××××



www.burmeseclassic.com

www.burmeseclassic.com

သုထက်ပိုင်သည် နန်းလုလုတို့၏ဆိုင်တွင်းသို့ဝင်လိုက်၏။

နေရာလွတ်စားပွဲတစ်ခုတွင် ဝင်ထိုင်လိုက်၏။

"ရှင်က မြန်မာလူမျိုးလား"

"ဟုတ်တယ်"

"ဘယ်ဒေသကလဲ"

"ရန်ကုန်ကပါ"

"ဘာ အရက်ယူမလဲ"

"ဘီယာပဲပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"မြေပဲဆားလှော်တစ်ပွဲ"

အသားဖြူဖြူ လူပုံသန့်သန့်နှင့် သုထက်ပိုင်ကို နန်းလုလု စိတ်ဝင်စားသွား၏။

"ရှင်ဒီကိုလာတာ သောက်ဖို့သက်သက်တော့ ဟုတ်ဟန် မတူဘူး"

"ဟုတ်ပါတယ်၊ အလုပ်ကိစ္စနဲ့ပါ"

"ရှေ့တူးဖို့လား"

"ဆိုပါတော့၊ ကိုယ်ရေးကိုယ်တာလဲပါတယ်"

ဘာကြောင့်မှန်းမသိ..သုထက်ပိုင်သည် အခုမှတွေ့သော ကောင်မလေးကိုမညာချင်၊ အမှန်အတိုင်းပြောချင်နေမိ၏။

ဘာကြောင့်လဲဆိုတာ သူကိုယ်တိုင်လဲမသိပါပေ။

စိုင်းနောင်သည်လဲ ဆိုင်တွင်းသို့ဝင်လာ၏။

ခရီးရောက်မဆိုက် နန်းလုလုက လှမ်းမေးလိုက်၏။

"ဘယ်လိုလဲစိုင်းနောင် နင်ရှာနေတဲ့ နတ်သမီးရုပ်ထုကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ပြီလား"

"ဟင်…နတ်သမီးရုပ်ထုဆိုပါလား"

"လုလု…နင်ကတော့ပြဿနာရှာပြီ"

နတ်သမီးရုပ်ထုဟူသောအသံကြားသည်နှင့် ကျောင်းရှေ့ဆက်စန်း၏တပည့်များသည် စိုင်းနောင်ကို ဝိုင်းရံလိုက်ကြ၏။

"ဟေ့ကောင်…မင်းက ငါတို့ဆရာကျောင်းဆီကိုမရောင်းဘဲ နတ်သမီးရုပ်တုကို ဘယ်မှာရောင်းလိုက်လဲ"

"အာ…ဘယ်ကလာ နတ်သမီးရုပ်တုလဲ၊ ဒီကောင်မလေး လျှောက်ပြောနေတာ"

"မင်း ငါတို့ကိုလိမ်ရမယ်ထင်နေလား၊ ထုတ်ပေးစမ်း"

"မရှိပါဘူးဆိုဗျာ၊ ဘာပေးရမလဲ"

"ဒီကောင်နာချင်ပြီထင်တယ်…ချကွာ"

"ခွပ်"

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



ကျင်းရှောက်စန်း၏တပည့် လူဆိုးတစ်ယောက်သည် စိုင်းနောင်ကိုထိုးလိုက်၏။

စိုင်းနောင်သည် ယိမ်းယိုင်သွား၏။

စိုင်းနောင်သည် ပြန်လည်တုံ့ပြန်ရန်အားယူလိုက်၏။ သို့သော် လူဆိုးနှစ်ယောက်သည် စိုင်းနောင်ကိုပိုင်းချုပ်လိုက်၏။

ကျန်သောလူဆိုးသည် စိုင်းနောင်ကိုထိုးလေ၏။

"ခွပ်…ခွပ်"

"အား…"

သုထက်ပိုင်မနေသာတော့ပါပေ။ အများနှင့်တစ်ယောက် အနိုင်ကျင့်နေသည်ကို လက်ပိုက်ကြည့်မနေနိုင်ပါပေ။

သုထက်ပိုင်သည် ထိုင်ခုံတစ်လုံးကိုယူပြီး အနားတွင်ရှိသောလူဆိုးကို ရိုက်လိုက်၏။

"ဖြောင်း"

"အား…"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် ဝင်ရှုပ်တယ်၊ သေစမ်းကွာ"

လူဆိုးတစ်ယောက်သည် သုထက်ပိုင်ကိုပြေးထိုး၏။ သူ့ထက်ပို၍လျှင်မြန်သော သုထက်ပိုင်သည် ဝင်လာသောလူဆိုး၏ မျက်နှာကို ဒူးနှင့်ခုန်တိုက်လိုက်၏။

"ဒုတ်"

"အင့်..."

ထိုသူသည် လောကကြီးနှင့် ခေတ္တအဆက်အသွယ်ပြတ်သွားပေပြီ။

သုထက်ပိုင်သည် ခုံများကိုဆွဲယူပြီး လူဆိုးများကိုရိုက်နှက်လေ၏။

ချုပ်ထားရာမှ လွတ်သွားသောစိုင်းနောင်သည်လည်း လူဆိုးတစ်ဦးကို အပေါ်မှခွစီးပြီး ထိုးနေလေ၏။

"ခွပ်...ခွပ်"

"ရော...ဒါ...ငါ့ကိုထိုးတဲ့အတွက်"



www.burmeseclassic.com

www.burmeseclassic.com



လူဆိုးများသည် သုထက်ပိုင်ကို မယှဉ်နိုင်ပါပေ။ မကြာမီ ပင်မြေပေါ်တွင် အတုံးအရုံးဖြစ်ကုန်၏။

"မင်းတို့…တစ်နေ့ပြန်တွေ့မယ်"

လူဆိုးများကြိမ်းဝါးပြီး ဆိုင်မှထွက်ခွာသွားလေ၏။

ထိုအခါမှ နန်းလုလုသည်ကောင်တာနောက်မှထွက်လာ၏။

"လာ…လာ…စိုင်းနောင် ငါဆေးထည့်ပေးမယ်"

"မနိုင်သေးလို့သာကြည့်နေရတာ ဒီလူတွေဒီမှာ ဗိုလ်ကျနေ တာကြာပြီ"

လုလုကမကျေနပ်ဟန်ဖြင့်ပြော၏။

"ကျေးဇူးပါအကိုရာ…အကို့နာမည်က…"

"သုထက်ပိုင်ပါ"

"အကို…ကျွန်တော့်နာမည်က စိုင်းနောင်ပါ ဒီနယ်ဇာတိ ဆိုပါတော့၊ အကို အကူအညီလိုရင်ပြောပါ"

"မလိုပါဘူးကွာ မတရားဘူးထင်ရင် ဝင်ပါတတ်တာ



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို့ဗီဇမို့ပါ"

"အစ်ကို့စိတ်ဓာတ်ကို ကျွန်တော် ကြိုက်တယ်ဗျာ၊ ကျွန်တော့်ကို ညီအရင်းလိုသတ်မှတ်ပါ"

"အေးပါကွာ"

"ဒါနဲ့…အစ်ကိုလည်း ရွှေတူးရုံသက်သက်ပဲလား"

"မဟုတ်ပါဘူးကွာ၊ တစ်ခြားကိစ္စပါသေးတယ်"

"ပြောလို့ရရင်ပြောလေ၊ ကူညီနိုင်ရင်ကူညီရတာပေါ့၊ ကျွန်တော်က ဒီနယ်မှာကျွမ်းပါတယ်"

"ဒီလိုကွ…ငါ့ညီရ"

သုထက်ပိုင်သည် သူ၏ဦးလေးအသတ်ခံရပုံအကြောင်းစုံကိုပြောပြလေ၏။

"ဒါဆိုအကိုက ဦးလေးကိုသတ်သွားသူတွေကို လိုက်ရှာနေတာပေါ့"

"အေး…ဟုတ်တယ် ဒီကိစ္စကို မဖြစ်မနေစုံစမ်းရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် မနက်ဖြန် ကျွန်တော် တောထဲသွားမှာ အကို လက်ချင်လိုက်ခဲ့လေ"

"အစ်ကို့အတွက် သဲလွန်စရလိုရငြားပေါ့"

"ငါ့ညီက ဘာသွားလုပ်မှာလဲ"

"အင်း…တစ်ခြားသူတွေကိုတော့ မပြောဘူး၊ အကို့ကို တော့ပြောပြပါ့မယ်၊ ကျွန်တော်က နတ်သမီးရုပ်ထုကိုလိုက်ရှာနေ တာ၊ နတ်သမီးရုပ်ထုဆိုတာက ရွှေအစစ်နဲ့ထုထားတာ၊ အရင်က ဒီနယ်က တိုင်းရင်းသားတွေက နတ်သမီးရုပ်ထုကို ကိုးကွယ်ကြ တာ၊ နောက်မှ ဘယ်လိုဖြစ်တယ်မသိဘူး ရုတ်တရက် နတ်သမီး ရုပ်ထုက ပျောက်သွားတာ၊ ဒီ နတ်သမီးရုပ်ထုသာရှာတွေ့ရင် ကျွန်တော်ချမ်းသာပြီ၊ ဒါထက်ပိုဂုဏ်ရှိတာက ဒီနယ်က တိမ် မြုပ်ပျောက်ကွယ်နေတဲ့ ရှေးဟောင်းတန်ဖိုးကြီးအရာကို ရှာတွေ့ တာပဲ"

"ကျွန်တော်ရှာနေတာကြာပြီဗျ၊ တောနက်နက်ထဲထိ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ဘူးတယ်"

"ဒါပေမယ့် သေချာတဲ့မြေပုံမရှိတော့ မတွေ့ဘူး"

"အစ်ကိုရေ…သတိတော့ထားရမယ်ဗျ၊ အခုဆိုရင် နတ်သမီးရုပ်ထုကိစ္စကို ကျင်းရှောက်စန်း သိလောက်ပြီ ဒီလူကြီးက တကယ့်လူဆိုး၊ လူယုတ်မာကြီးဗျ"

"သူက လက်နက်ကိုင်သောင်းကျန်းသူတွေနဲ့ ပေါင်းမိတော့ သူနဲ့ရင်ဆိုင်ရတာမလွယ်ဘူး၊ ဒါပေသိ တချိန်ချိန်ကျရင် ဒီလူကြီးနဲ့အပေါင်းအပါတွေကို မြေလှန်ပစ်ရမယ်၊ ဒါမှ နယ်မြေသန့်မှာဗျ"

"အေးကွာ အကိုလဲတတ်နိုင်သမျှ ညီ့ကို ကူညီပါ့မယ်"

ထို့နောက် သုထက်ပိုင် စိုင်းနောင်နှင့်နန်းလုလုတို့သည် တစ်ယောက်ကိုတစ်ယောက်ပြုံး၍ ကြည့်လိုက်ကြလေ၏။

××××××××××××



www.burmeseclassic.com

www.burmeseclassic.com

သုထက်ပိုင်နှင့် စိုင်းနောင်တို့နှစ်ဦး ဆိုင်ကယ်ဖြင့်တောထဲသို့မောင်းထွက်ခဲ့၏။

လမ်းသည်ဆိုးဝါးလှ၏ တောလမ်းဖြစ်သောကြောင့် ချုံနွယ်များ၊ သစ်ငုတ်များ၊ နွယ်များရှိ၏။

မိုးရွာထားသောကြောင့် မြေသည်ပျော့ချွဲနေ၏။ စိုင်းနောင်သည်ဆိုင်ကယ်ကို သေချာမောင်းနေရ၏။ ဒေသခံမို့တော်သေး၏။

သုထက်ပိုင်သာမောင်းရင် မှောက်တာကြာပြီ”



www.burmeseclassic.com

www.burmeseclassic.com



"ညီလေး…သေချာမောင်းနော်"

"ဟုတ်ကဲ့ပါအစ်ကို၊ ဒီလမ်းကမောင်းနေကျပါ"

စိုင်းနောင်က သူ့ကိုယ်သူ ယုံကြည်ဟန်ဖြင့်ပြော၏။ ဆိုင်ကယ်ဘီးနှစ်ဖက်လုံးတွင် ရွှံ့များကပ်နေသောအခါ ဆင်းပြီးရွှံ့များကိုတုတ်ဖြင့် ခြစ်ကော်ထုတ်ရ၏။

တချို့နေရာတွင် ဆင်းတွန်းရ၏။

တစ်ခုသောတောင်ပတ်လမ်းအကွေ့တွင် ဆိုင်ကယ်သည် ချော်သွား၏။

စိုင်းနောင်ကကြိုးစားပြီး လက်ကိုင်ကိုထိန်းသော်လည်း မြေကချောနေသောကြောင့် မရပါပေ။

သုထက်ပိုင်တို့နှစ်ယောက်ရော ဆိုင်ကယ်ရော ချောက်ကမ်းပါးထဲသို့ လိမ့်ဆင်းသွားလေ၏။

သုထက်ပိုင်သည် ဆိုင်ကယ်တခြားလူတခြားတောင်ဖောင်းမှလိမ့်ကျလာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းတာက တောင်စောင်းတွင်သစ်ပင် ကြီးကြီးမားမားမရှိပဲ အပင်ငယ်များ နွယ်ပင်များသာရှိနေခြင်းဖြစ်၏။ နှစ်ယောက်စလုံး၏ ကိုယ်ခန္ဓာများမှာ ထိခိုက်မှုကြောင့် ပွန်းပဲ့ဒဏ်ရာရကြကုန်၏။

နောက်ဆုံးအောက်ခြေတွင်ရှိသော ရေကန်အတွင်းသို့ကျလေ၏။

သုထက်ပိုင်သည် ပြုတ်ကျသောဒဏ်ရာကြောင့် ခြေထောက်တွင် ဒဏ်ရာအနည်းငယ်ရသွား၏။

"အကို...ဘာဖြစ်သွားသေးလဲ"

"ခြေထောက်နဲနဲနာနေတယ်"

"လာအကို...ကျွန်တော်တွဲခေါ်မယ်"

"ရပါတယ်...သိပ်မများပါဘူး"

"ဒုက္ခတော့တွေ့ပြီအကိုရေ"

"ကမ်းပါးပြတ်ကနဲနဲမြင့်တယ်၊ ပြန်တက်ဖို့မလွယ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"လမ်းတွေ့လိုတွေ့ငြားရှာကြတာပေါ့ကွာ"

သုထက်ပိုင်နှင့်စိုင်းနောင်သည် တောတိုးလျက်ရှေ့ဆက်

လာလေ၏။

ထိုအချိန်တွင် သုထက်ပိုင်တို့ပြုတ်ကျသွားသော တောင်

ကမ်းပါးထိပ်သို့ ကျင်းရှောက်စန်းတို့အဖွဲ့ရောက်လာလေ၏။

သူတို့အဖွဲ့တွင် လက်နက်အပြည့်အစုံပါလာလေ၏။ စိုင်း

နောင်တို့နောက်သို့ နောက်ယောင်ခံလိုက်လာခြင်းဖြစ်၏။

ကျင်းရှောက်စန်းသည် ချောက်ထဲသို့ ငုံ့ကြည့်လိုက်၏။

"သူတို့သေပြီလို့ထင်လား"

"ဒီလောက်အမြင့်ကကျတာ မသေတောင် ဒုက္ခိတဘ

ရောက်လောက်တယ်"

"အောက်ဆင်းရှာဖို့လဲမလွယ်ဘူးကွ"

"ကျွန်တော့်ကိုထိုးသွားတဲ့ကောင်ကို နှာခေါင်းဖြတ်ချင်

တာဆရာကျင်းရ"



www.burmeseclassic.com

www.burmeseclassic.com



"နေဦးကွ…သူတို့ကိုသတ်လို့မဖြစ်သေးဘူး၊ သူတို့သာ
နတ်သမီးရုပ်ထုကိုရသွားရင် ဒေသခံတွေက ငါတို့ကိုအာခံကြ
လိမ့်မယ်"

"အဲဒီတော့ ဒီနှစ်ကောင်ကို မတွေ့တွေ့အောင်ရှာရမယ်"

"ကဲ…မင်းတို့အားလုံး ဒီနှစ်ကောင်ကို သွားရှာကြ"

ကျင်းရှောက်စန်း၏လူများ ဆိုင်ကယ်ကိုယ်စီဖြင့် တော
နင်းရှာလေ၏။

သုထက်ပိုင်တို့နှစ်ဦးသည် တဖြည်းဖြည်းချင်းလျှောက်လာ
နေရ၏။

တစ်နေရာအရောက်တွင်…

"ဝိုး…"

"ဝုန်း…"

နှစ်ယောက်လုံး လေထဲသို့ မြောက်တက်သွား၏။
သုထက်ပိုင်သည်စိုင်းနောင်နှင့်အတူ ကချင်တောမုဆိုးများထောင်



www.burmeseclassic.com

www.burmeseclassic.com



ထားသော တောင်ကောင် ထောင်ချောက်တွင် မိလေ၏။

သုထက်ပိုင်တို့သည် ညွှတ်ကိုင်းများတွင် ဖောက်ထိုးကြီး ဖြစ်နေကြ၏။

"အစ်ကို…ကျွန်တော်နှင့်ကျောချင်းကပ်လိုက်"

"ဘာလုပ်မှာလဲ"

"ကျွန်တော်တို့သစ်ပင်တစ်ပင်ကို ကပ်မှဖြစ်မယ်၊ ခြေကို အားယူပြီးလွှဲလိုက်"

သုထက်ပိုင်တို့သည် ကျောခြင်းကပ်ထားပြီး အရှိန်ရအောင် လွှဲလေ၏။

"အီး.."

"ယား…"

"လုပ်ထားကွ"

မကြာမီပင် စိုင်းနောင်သည်သစ်ပင်ကြီး တစ်ပင်၏ကိုင်း ကိုဆွဲမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ…မင်းလုပ်နိုင်ပြီ"

"ညီလေး…ငါဘာထပ်လုပ်ရမှာလဲ"

"ကျွန်တော့်လက်မောင်းကိုကျော်ပြီး သစ်ကိုင်းကိုလှမ်းဆွဲလိုက်"

"ဟုတ်ပြီ…ဟုတ်ပြီ…မြဲအောင်ကိုင်ထား"

"ကွိကွိ…ကွိကွိ"

"အာ…ပြဿနာပဲ"

"ဘာတွေလဲညီလေး"

"မျောက်တွေ"

"အကိုရေ…မလှုပ်နဲ့…အသက်အောင့်ထား"

မျောက်တစ်ကောင်သည် သုထက်ပိုင်၏မျက်နှာအနီးသို့ချဉ်းကပ်လာပြီး သွားဖြဲကာ ရူးရူးဝါးဝါးအော်၏။

"အူး…ဂီး…"

"အောင်မလေးဗျ"



www.burmeseclassic.com

www.burmeseclassic.com



သုထက်ပိုင်သည် လန့်သွားပြီးသစ်ပင်ကို ကိုင်ထားသော လက်ကိုလွှတ်လိုက်၏။

နောက်တကြိမ်လေထဲတွင် ဖောက်ထိုးဖြစ်သွား၏။

မျောက်များသည် သစ်ပင်ပေါ်တွင်ဆူညံစွာအော်ဟာစ်နေကြ၏။

မျောက်တစ်ကောင်သည် သစ်ပင်ပေါ်မှ အရှိန်ယူကာ သုထက်ပိုင်တို့အပေါ်သို့ ခုန်ချလိုက်၏။

"ဂီး..."

"ဝိုး..."

"အမလေးဗျ"

မျောက်သည် သုထက်ပိုင်၏ကိုယ်ကိုကုတ်ကာ ကပ်နေ၏။

အကျီပင်ပြဲသွား၏။

"သွားစမ်းကွာ"

"ဖြောင်း"

"ဘုတ်"



www.burmeseclassic.com

www.burmeseclassic.com



သူထက်ပိုင်သည် မျောက်ကိုရိုက်ချလိုက်၏။ မျောက်သည် မြေပေါ်ပြုတ်ကျသွား၏။

"အကို…သူတို့ကိုရန်မမူနဲ့ ဒုက္ခရောက်လိမ့်မယ်"

စိုင်းနောင်၏သတိပေးစကားသည် နောက်ကျသွားချေပြီ။

မျောက်များသည် ကွဲကွဲကွကွအော်ရင်း သစ်ပင်များပေါ် တွင်ဝိုင်းအုံနေ၏။

"အစ်ကိုရေ…လူသတ်လို့မသေဘဲ မျောက်ကုတ်လို့သေရ တော့မယ်ဗျ"

"ဒိုင်း"

ရုတ်တရက် သေနတ်သံတစ်ချက် ထွက်ပေါ်လာ၏။ သေ နတ်သံကြောင့် မျောက်များထွက်ပြေးကုန်၏။

"ညီလေး…ဘယ်သူတွေလဲ"

"ဒေသခံလက်နက်ကိုင် ကချင်သောင်းကျန်းသူတွေပေါ့ ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မပူပါနဲ့…သူတို့ကလူဆိုးတွေမဟုတ်ပါဘူး"

"သူတို့က ကချင်မျိုးနွယ်စုတွေပါ"

စိုင်းနောင်သည် သူတို့ကိုနှုတ်ဆက်လိုက်၏။

"ဘုရားသခင် ကောင်းချီးပေးပါစေ"

"အကို နှုတ်ဆက်လိုက်လေ"

"ဘုရားသခင် ကောင်းချီးပေးပါစေ"

ဒေသခံကချင်တို့သည် သုထက်ပိုင်တို့ကို သူတို့စခန်းသို့ ဖမ်းခေါ်သွားကြ၏။

သူတို့၏စခန်းသည် တောထဲကရွာငယ်မျှလောက်ရှိပြီး မိသားစုနှင့်ကလေးများပါရှိ၏။

"ညီလေး…မင်းပြောတော့လူဆိုးတွေ မဟုတ်ဘူးဆို အခု တော့ ငါတို့ကို ဖမ်းထားပါလားကွ"

"နေဦးဗျ၊ စောင့်ကြည့်ပါဦး"

သုထက်ပိုင်တို့ကို သစ်ပင်တစ်ပင်တွင် ပူးတွဲ၍ကြိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



တုတ်ထား၏။

မကြာမီပင် ခေါင်းဆောင်ဖြစ်ဟန်တူသော ဗလတောင့်တောင့်နှင့်လူတစ်ဦး ရောက်လာ၏။

ခေါင်းဆောင်က ကချင်စကားနှင့်မေးလိုက်၏။

"မင်းတို့နှစ်ယောက် ကျွင်းရှောက်စန်းအတွက် အလုပ်လုပ်ပေးနေတာ ငါတို့သိတယ်၊ မင်းတို့ ငါတို့နောက်ကို နောက်ယောင်ခံလိုက်နေတာမလား"

သုထက်ပိုင်သည် ကချင်စကားကိုနားမလည်ပါပေ…စိုင်းနောင်ကပြန်ဖြေနေရ၏။

"အကို…သူတို့က ကျွန်တော်တို့ကို ကျွင်းရှောက်စန်းလူလို့ထင်နေတာဗျ"

"မဟုတ်ဘူးလို့ပြောလိုက်လေ"

စိုင်းနောင်သည် ကချင်စကားဖြင့်ရှင်းပြနေ၏။ သို့သော် ကချင်လူမျိုးစုခေါင်းဆောင်သည် ယုံကြည်ဟန်မပေါ်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို…သူတို့က သူတို့နဲ့တိုက်ခိုက်ဖို့ပြောနေတယ်၊ သူတို့ကိုနိုင်မှပြန်လွှတ်ပေးမယ်တဲ့"

"အာ…ငါသူတို့နဲ့ ရန်မဖြစ်ချင်ဘာ"

"ရွေးစရာမှမရှိတော့ဘူးအစ်ကို၊ သူတို့ကဓားတဲ့ဖြစ်နေတာ၊ အစ်ကိုက အတိုက်အခိုက်ကောင်းတာဆိုတော့ အစ်ကိုပဲချပါ"

"ဖြစ်ပါ့မလားကွ"

"ဖြစ်ပါတယ် အစ်ကိုကအသတ်အပုတ်တော်တာပဲကို"

"မင်းပဲအပြောကောင်း၊ မလွယ်ဘူး ဒါပေမဲ့ လုပ်ရမှာပဲ"

ကချင်ခေါင်းဆောင်သည် သုထက်ပိုင်ကို ကြိုးဖြေပေးစေ၏။

ထို့နောက် သုထက်ပိုင်ကို ဝိုင်းထားလိုက်၏။ ကချင်တစ်ယောက်သည် သစ်ပင်ပေါ်မှကြိုးနှင့် လွဲကာသုထက်ပိုင်ကို ခြေနှင့်ကန်လိုက်၏။

"ဝိုး…"



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း…"

"အ…"

သုထက်ပိုင်လည်းထွက်သွား၏။ အခြားတစ်ယောက်က သုထက်ပိုင်၏ မျက်နှာကိုလက်သီးနှင့်ထိုးလိုက်၏။

"ခွပ်…"

"အား…"

"အောင်မလေး တော်တော်ပြင်းတဲ့လက်သီး လူကိုအီစလံဝေသွားတာပဲ"

အခြားတစ်ယောက်သည် သုထက်ပိုင်၏ခြေကိုဖြတ်ကန်လိုက်၏။

သုထက်ပိုင်လဲကျသွား၏။

"အား…အား…ကျွတ်…ကျွတ်"

ထိုအခါ ဗလတောင့်တောင့်လူနှစ်ယောက်သည် သုထက်ပိုင်ကိုခြေမှဆွဲကာ အဝေးသို့လွှင့်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုး…"

"အင့်…"

"ဘုတ်…"

သုထက်ပိုင်သည် သစ်ပင်နှင့်တိုက်မိကာအောက်သို့ ပြုတ်ကျလာ၏။

တော်တော်နှင့်မထနိုင်တော့ပါပေ…မူးဝေနေ၏။ ကချင်လူမျိုးစုတို့သည် သူတို့၏လူတွေကို အော်ဟစ်အားပေးကြကုန်၏။

ခဏကြာသော် အော်ဟစ်သံများတိတ်သွား၏။ လူးလဲထလာသော သုထက်ပိုင်ကိုမြင်ရသောကြောင့်ဖြစ်၏။

"ဟာ…ဒီလူ တော်တော်ခံနိုင်ရည်ရှိတာပဲ"

ဗလတောင့်တောင့်တစ်ယောက်သည် သုထက်ပိုင်ကို အနီးတွင်ရှိသော ရဲဒင်းနှင့်ပစ်လိုက်၏။

သုထက်ပိုင် အလျင်အမြန် ငုံ့ရှောင်လိုက်ရ၏။

ရဲဒင်းသည် သစ်ပင်ကိုစိုက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုး…"

"ဒုတ်…"

"အမလေး…ကံသီပေလို့"

ဗလတောင့်တောင့်လူသည် သုထက်ပိုင်ကို ထိုးလိုက်၏။

ဒီတစ်ခါတော့ မရတော့ပါချေ။

သုထက်ပိုင်သည် ဝင်လာသောလက်သီးကို ရှောင်လိုက်ပြီး

ထိုလူကိုဖမ်းချုပ်ကာ ကိုင်ပေါက်လိုက်၏။

"ဟာ"

"တော်တော်သတ္တိကောင်းပါလား"

ခေါင်းဆောင်ဖြစ်သောသူသည် သုထက်ပိုင်ကို ဓားနှင့်ဝင်

ထိုး၏။

သုထက်ပိုင်က ဓားကိုလုယူလိုက်ပြီး ထိုသူကိုမြေပေါ် လှဲ

သိပ်လိုက်၏

ဓားနှင့်ရှုယ်ရုံသာရွယ်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ မင်းတို့ရန်သူမဟုတ်ဘူး၊ ကျင်းရှောက်စန်းလူလဲ မဟုတ်ဘူး၊ ငါ ရန်မဖြစ်ချင်ဘူး"

ထို့နောက် ဓားကိုလွှင့်ပစ်လိုက်၏။

ထိုအချိန်တွင် သေနတ်တစ်လက်ကိုင်ထားသော မိန်းကလေးတစ်ဦး ရောက်လာလေ၏။

"နန်းလုလု"

နန်းလုလုသည် ကချင်ဘာသာစကားဖြင့် ခေါင်းဆောင်ကို ပြောလိုက်၏။ သူမပုံစံမှာ သူထက်ပိုင်တို့ကို ရန်မူသောကြောင့် အော်ဟစ်နေဟန်ရှိ၏။

စိုင်းနောင်က အံ့သြစွာဖြင့်မေးလိုက်၏။

"နင် ဘာလာလုပ်တာလဲ လုလု"

"ဘာလဲလုလု··နင်က နေ့ဆိုအရက်ဆိုင်မှာလုပ်ပြီး ညဆို လက်နက်ကိုင်ခေါင်းဆောင်လုပ်နေတာလား"

"ကဲပါ···စကားနာထိုးမနေနဲ့ လာတစ်ခုခုစားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



လုလုသည် သုထက်ပိုင်တို့ကို မီးဖိုတစ်ဖက်သို့ခေါ်သွား၏။ ထို့နောက် ကချင်ထမင်းဖြင့် ဧည့်ခံစေ၏။

"နင် တော်တော် တော်ပါလားလုလု၊ ငါမသိအောင် အကြာကြီးဖုံးထားနိုင်တယ်၊ ငါကတော့ နင့်အတွက်တွေလုပ်လို့၊ နင်ကတော့ လိမ်ရက်တယ်"

"ဘာလဲလုလု နတ်သမီးရုပ်ထုတွေဖို့ ငါကအကုန်လုပ်ပေးရမယ်ပေါ့လေ၊ နင်တွေပါစေလို့ ဆုတောင်းပေးရမယ်ပေါ့လေ"

"တကယ်ကောင်းတဲ့အလုပ်ပါလား လုလု"

"နင်ဘာတွေတွေးနေတာလဲ စိုင်းနော်၊ အားလုံး အဆင်ပြေအောင် ငါကြိုးစားနေတာပဲလေ"

"ငါလဲ ငါ့အစွမ်းအစနဲ့ ငါကြိုးစားခွင့်မရှိဘူးလားဟ"

လုလုသည် သုထက်ပိုင်ကို ဆေးရည်တပန်းကန်ကမ်းပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှော့··ဒါသောက်လိုက်···ဒဏ်ရာ သက်သာစေတယ်၊ ကချင်ရိုးရာဆေးရည်"

သုထက်ပိုင်လည်း သူသိချင်သည်ကိုမေး၏။

"လုလု မိန်းကလေးတန်မဲ့ ဘာကြောင့်လက်နက်ကိုင် ခေါင်းဆောင်လုပ်နေတာလဲ"

"ဘာလို့လဲဆိုတော့ ကျွန်မလုပ်အားခက တစ်နေ့မှ ခုနစ် ထောင်ပဲရလို့ပေါ့၊ ကျင်းရှောက်စန်းက ခေါင်းပုံဖြတ်နေတာလေ၊ မော်ထဲမှာလဲ လိုအပ်ချက်တွေများတယ်လေ၊ ဘယ်ကငွေနဲ့ဝယ် မလဲ"

"ငွေမရှိတော့ ဘာလုပ်ရလဲ၊ ကျင်းရှောက်စန်းဆီက ချေး ရတယ်လေ··တူးလို့ရလာတဲ့ ရွှေတိုရွှေစတွေကို ကျင်းရှောက်စန်း ကဈေးနှိမ်ဝယ်တယ်၊ မလောက်တော့ ချေးရတယ်၊ ဒီလိုနဲ့ ဘဝ တွေက သေဆုံးကုန်တယ်"

"ကျင်းရှောက်စန်းဆီက ငွေချေးပြီးရင် အတိုးပေါ်အတိုး



www.burmeseclassic.com

www.burmeseclassic.com



ဆင့်နေတာနဲ့ပဲ အဲဒီလူဟာ သူ့အောက်ကမလွတ်တော့ဘူး"

"ဒီတော့ မခံချင်တဲ့ ဒေသခံကချင်မျိုးနွယ်စုတွေဟာ လက်နက်ကိုင်ဖြစ်လာတာပေါ့"

လုလုသည် ရှည်လျားစွာ ရှင်းပြလိုက်ရသဖြင့် မောပန်းဟန်ဖြင့်ခဏနား၏။

စိုင်းနောင်က စကားဝိုင်းထဲဝင်ပါလာ၏။

"အစ်ကိုရေ အကိုလည်းအကြွေးတို့ အတိုးတို့ကိုနားလည်တာပဲလေ…အကြွေးဆိုတာ ပြန်တက်ဖို့ခဲယဉ်းတဲ့ကျင်းကို နက်သထက် နက်အောင် တူးနေတာနဲ့တူတယ်"

"ဒီမှာဖြစ်နေတဲ့ စနစ်တစ်ခုကို အစ်ကိုနာမည်ပေးချင် သလိုပေးလို့ရတယ်၊ သတ်မှတ်ချင်သလို သတ်မှတ်လို့ရတယ်၊ ကျွန်တော်ကတော့ 'ကျွန်စနစ်' လို့ နာမည်ပေးချင်တယ်"

လုလုက စိုင်းနောင်၏ စကားကိုအခိုးသတ်ပေးလိုက်၏။

"ကျွန်မတို့က အဲဒီစနစ်ကိုရပ်တန့်ဖို့ ကြိုးစားနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူထက်ပိုင်သည် လုလု၊ စိုင်းနောင်နှင့် ဒေသခံ ကချင်တို့၏ဘဝကို စာနာနားလည်သွား၏။

ထိုစဉ် သူထက်ပိုင်တို့အနီးသို့ ခုနက သူထက်ပိုင်နှင့် တိုက်ခိုက်ခဲ့သော ခေါင်းဆောင်ရောက်လာ၏။

ခေါင်းဆောင်သည် သူ၏လည်တွင်ဆွဲထားသော ဝက်စွယ်ဆွဲကြိုးကိုဖြုတ်လိုက်ပြီး သူထက်ပိုင်ထံ ကမ်းပေးလိုက်၏။

သူထက်ပိုင်က နားမလည်ဟန်ဖြင့်လုလုကိုကြည့်လိုက်၏။

"ယူလိုက်ပါ၊ သူက ရှင့်သတ္တိကို သဘောကျနေတာ၊ ရှင်နဲ့ ထာဝရမိတ်ဆွေဖြစ်ချင်နေတာ"

"ငါ မယူချင်ပါဘူး၊ ပြောလိုက်ပါ"

"ရှင်မယူရင် ရိုင်းသလိုဖြစ်နေမှာပေါ့"

သူထက်ပိုင်သည် လက်ခံလိုက်၏။

ထို့နောက် ဝက်စွယ်ဆွဲကြိုးကို သူ၏လက်မောင်းတွင် သေချာချည်နှောင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်သည် ကျေနပ်သွားပြီး သုထက်ပိုင်နှင့်ပွေ့ဖက်လိုက်၏။

ခုနတုန်းက အသေအကြေတိုက်ခဲ့သောသူတွေက အခုတော့လည်း ညီအစ်ကိုပမာ ချစ်ခင်သွား၏။

"ကဲ…ရှင်တို့ပြန်ချင်ရင် ပြန်လို့ရပြီ"

"ငါတို့မပြန်ပါဘူး၊ ငါတို့ မင်းတို့နဲ့ ပူးပေါင်းမယ်"

သုထက်ပိုင်နှင့်စိုင်းနောင်သည် လုလုတို့အဖွဲ့နှင့်ပူးပေါင်းလေ၏။

×××××××××××



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)

ပဟေဠိနှင့် နတ်သမီးရုပ်ထု

သူထက်ပိုင်တို့ကို တောနင်းရှာနေသော ကျင်းရှောက်စန်း၏တပည့် ဖဲထျန်းလျန်သည် လုလုတို့အခြေချသောရွာနားသို့ ရောက်လာ၏။

ရွာသို့ ဝင်ခါနီး တောင်ကြားတွင် ရပ်ကာ အခြေအနေကို အကဲခတ်နေ၏။

သစ်ပင်များ အုပ်ဆိုင်းပြီး တောင်များမြင့်မားသောကြောင့် တောင်ကြားအဝင်ဝလမ်းသည် မြူခိုးများ ပိတ်ဆိုင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



တောင်ကြားထဲ လှမ်းကြည့်သော်လည်း ဘာမှမမြင်ရပါပေ။

"ယော့ကောင်တွေ ရမ်းမဝင်နဲ့ဦး၊ အကုန်မသာပေါ်ကုန်မယ်"

ဓာထျုန်းလျုန်တို့အဖွဲ့သည် တောင်ကြားဝကို သေနတ်များဖြင့် စုပြုချိန်ထား၏။

တောင်ကြားဝသည် တိတ်ဆိတ်နေ၏။ ဘာမှမမြင်ရ၊ ဘာသံမှ မကြားရ။

"ဝှစ်..."

"ဒေါက်..."

တောင်ကြားထဲမှ ဒူးလေးမြားတံတစ်ခု ထွက်လာပြီး ဓာထျုန်းလျုန်ရှေ့တွင် ကျလာလေ၏။

"ပစ်..."

"ဒိုင်း...ဒိုင်း.."



www.burmeseclassic.com

www.burmeseclassic.com



"ဒက်...ဒက်...ဒက်..."

"အား...အင့်.."

ဓာထျှန်းလျှန့်တို့သည် ဘာမှမမြင်ရသော တောင်ကြား၀ကို စုပြုံကာ ပစ်နေ၏။

ခဏကြာသော် သေနတ်သံများ တိတ်သွား၏။

"ဟေ့...တစ်ယောက် ရှေ့တက်ကြည့်စမ်း"

လူတစ်ယောက် ကြောက်ကြောက်လန့်လန့်နှင့် ရှေ့တောင်ကြားထဲ ၀င်ကြည့်၏။

"ဆရာ.. ဘယ်သူမှမရှိတော့ဘူး၊ အကုန်ပြေးကုန်ပြီ၊ အလောင်းလေးလောင်းတွေ့တယ်"

ထိုအခါမှ ဓာထျှန်းလျှန့်တို့သည် စိတ်ချလက်ချတောင်ကြားထဲသို့၀င်သွား၏။

ဓာထျှန်းလျှန့်နှင့်တပည့်များ အထဲရောက်သောအခါ လေးဘက်လေးတန်မှ သေနတ်သံများပေါ်ထွက်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း..ဒိုင်း..ဒိုင်း..."

ဇာထျန်းလျှန်တို့သည် ထောင်ချောက်ထဲ ဝင်တိုးမိချေပြီ။

ရန်သူကို မမြင်ရဘဲ အလစ်ဝိုက် အပစ်ခံရသောကြောင့် အတုန်းအရုံးကျကုန်၏။

ဇာထျန်းလျှန်သည် အောက်သို့ဝပ်ချလိုက်၏။

ထို့နောက် လူးလိမ့်ကာ လိုဏ်ဂူအပြင်ဘက်သို့ ရအောင် ထွက်ခဲ့၏။

ဇာထျန်းလျှန်၏တပည့်များသည် ထွက်မလာနိုင်တော့ ပါချေ။

ဇာထျန်းလျှန်သည် သူ့ဆရာ ကျင်းရှောက်စန်းဆီ ထွက် ပြေးသွားလေ၏။

သူထက်ပိုင်တို့သည် နောက်ကလိုက်ဟန်ပြင်၏။ လုလုက ဟန့်တားလိုက်၏။

"လွှတ်ပေးလိုက်ပါ၊ ဒါမှ ကျင်းရှောက်စန်း တို့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သိသွားမှာ"

"အင်း‥ ကျင်းရှောက်စန်းတော့ ဒေါသတကြီးနဲ့ ရောက်လာမှာ မြင်ယောင်သေးတယ်"

"အင်း…ဒီနေရာကို ကျင်းရှောက်စန်း သိသွားလိမ့်မယ်၊ နေရာပြောင်းကြရအောင်"

သုထက်ပိုင်တို့အဖွဲ့သည် စခန်းပြောင်းရန် စီစဉ်ကြလေ၏။

လိုအပ်သော ပစ္စည်းများကိုသိမ်းပြီး လုလုခေါ်ဆောင်ရာသို့ သွားကြလေ၏။

မနက်မိုးလင်းသောအခါ တောင်ကြားစခန်းတွင် မည်သူမျှ မရှိတော့ပါချေ။

××××××××××××



www.burmeseclassic.com

www.burmeseclassic.com

"ဖြန်း…"

"အား…ကြောက်ပါပြီဆရာ၊ ခွင့်လွှတ်ပေးပါ"

"ဘာ…ခွင့်လွှတ်ရမယ်ဟုတ်လား၊ ငါ့ရဲ့တပည့်တွေ သေကုန်ပြီ၊ မင်းက မသေဘဲ ပြန်လာတာ ငါက ခွင့်လွှတ်ရမှာလား"

"ဒီတစ်ခါ ခွင့်လွှတ်ပေးပါ၊ ဆရာ့အတွက် အသက်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ.. ဘယ်နေရာလဲ ငါ့ကိုလိုက်ပြ"

ဇာထျုန်းလျှန်သည် သူရောက်ခဲ့သော တောင်ကြားသို့ ဦးဆောင်ခေါ်သွား၏။

ကျင်းရှောက်စန်းသည် သူ့တွင်ရှိသော လူအင်အား၊ လက်နက်အင်အား အကုန်ခေါ်လာ၏။

တောင်ကြားသို့ရောက်သောအခါ ဘာမှ မတွေ့ရတော့ပါချေ။

"ခွပ်..."

"အား..."

ကျင်းရှောက်စန်းသည် ဇာထျုန်းလျှန်ကို လက်သီးနှင့် ထိုးလိုက်၏။

"ခွေးမသား ဘာမှအသုံးမကျဘူး"

"ကဲ..မှောင်ခါနီးပြီ၊ စခန်းပြန်မယ်၊ မနက်ကျမှလိုက်ရှာကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ရောက်သောအခါ ကျောင်းရှောက်စန်းသည် သုထက်ပိုင်တို့နောက် ခြေရာခံလိုက်လေ၏။

"ဟား··ဟား··ဟား·· သားကောင်လေးတွေရေ၊ လွတ်အောင်ပြေးကြပေှော့၊ ငါ့ရဲ့အမဲလိုက်အစီအစဉ်စပြီ"

ကျောင်းရှောက်စန်းသည် သူ၏လက်နက်ကိုင်တပ်ဖွဲ့ကို အကုန်ခေါ်ခဲ့သောကြောင့် အင်အားများလေ၏။

စစ်တပ်သေးသေးပမာဏရှိလေ၏။

သိပ်မကြာခင်မှာပင် ကျောင်းရှောက်စန်းတို့သည် သုထက်ပိုင်တို့ တည်းခိုနေရာသို့ ခြေရာခံမိလေ၏။

"အကုန်ရှင်းပစ်ကွာ"

ကျောင်းရှောက်စန်း၏တပည့်များသည် ဆိုင်ကယ်များကို စီးလျက် တရကြမ်းဝင်ရောက်ပစ်ခတ်လေ၏။

"ဂူး···ဂူး···"

"ဒက်···ဒက်···ဒက်···"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ အခိုက်မိသူတွေမှာ သုထက်ပိုင်တို့ဖြစ်၏။ ဘာမှ ပြင်ဆင်ချိန် မရလိုက်ပေ။

"စိုင်းနောင်…လုလု…ပြေး..ပြေး…"

သုထက်ပိုင်၊ စိုင်းနောင်နှင့်လုလုတို့သည် လက်လှမ်းမီရာ ပစ္စည်းများကိုဆွဲယူပြီး အနောက်ဘက် အုန်းတောထဲသို့ပြေးကြလေ၏။

ကျောင်းရှောက်စန်းနှင့် လူမျိုးက တရကြမ်းလိုက်ပစ်ကြ၏။

"ဒိုင်း..ဒိုင်း…"

"သေစမ်းကွာ"

"အား… အီး.."

လုလု၏တပည့်များသည် သုထက်ပိုင်တို့ ထွက်ပြေးနိုင်ရန် ကာပစ်ပေးထား၏။

သုထက်ပိုင်တို့သည် လုလုနောက်ကို ပြေးလိုက်နေရ၏။ လုလုက အုန်းတောအဆုံးတွင် ကပ်ထားသော စက်လှေ



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ ဦးတည်ပြေးနေခြင်းဖြစ်၏။

ကျောင်းရှောက်စန်း၏ တပည့်တစ်ယောက်သည် လုလုတို့ကို မှီလုမှီခင်ဖြစ်လာ၏

ထိုသူသည် သေနတ်ဖြင့် လုလုတို့ကိုချိန်လိုက်၏။

"ဒိုင်း…"

ထိုသူသည် ဆိုင်ကယ်ပေါ်မှ ပစ်ကျသွား၏။

ကြည့်လိုက်တော့ ကယ်တင်ရှင်မှာ သုထက်ပိုင်ကိုဆွဲကြိုးပေးသော ခေါင်းဆောင်…

"လုလုတို့…ဘာလုပ်နေတာလဲ စက်လှေနှိုးပြီးပြေးတော့လေ"

"ရှင်ပါလိုက်ခဲ့လေ… ရှင်မပါဘဲ မသွားဘူး"

"သွားနှင့်ပါ၊ ငါခံပစ်ပေးထားမယ်၊ ငါခံမပစ်ရင် အကုန်သေကုန်လိမ့်မယ်"

"ဒိုင်း…"



www.burmeseclassic.com

www.burmeseclassic.com



"အ…"

ရုန့်သူပစ်လိုက်သော ကျည်ဆံသည် ခေါင်းဆောင်၏ ခြေကို မှန်သွား၏။

ခေါင်းဆောင်သည် လဲကျသွား၏။ သို့သော် လဲလျှောင်း လက်ပင် ပြန်ပစ်၏။

"ဒိုင်း‥ဒိုင်း…ဒိုင်း…"

ကျောင်းရှောက်စန်းတို့သည် အတင့်ရဲစွာ တက်မလာရဲပါပေ။

"လုလု…သွားတော့လေ"

လုလုသည် မျက်ရည်ယိုစီးလျက် ရပ်နေ၏။ စိုင်းနောင်က စက်လှေအင်ဂျင်ကိုနှိုးလိုက်ပြီးမောင်းထွက်ခဲ့၏။

ခေါင်းဆောင်သည် ကြာကြာမခုခံနိုင်ပါပေ။ မကြာမီပင် ကျည်မှန်ပြီး သေနတ်လွတ်ကျသွား၏။

လက်နက်မဲ့ ဒဏ်ရာရနေသော ခေါင်းဆောင်ကို ကျောင်းရှောက်စန်းသည် ခါးကြားမှ ပစ္စတိုထုတ်ကာ ဓာတ်သိမ်းပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း.."

"အ..."

သုထက်ပိုင်တို့သုံးယောက်သည် စက်လှေဖြင့်လွတ်မြောက်သွား၏။

ကျောင်းရှောက်စန်းသည် မကျေမနပ်ဖြစ်လျက် ကျန်ရစ်ခဲ့လေ၏။

"တောက်...နင်တို့ ဘယ်လောက်ပြေးနိုင်မလဲ ပြေးစမ်း၊ ကမ္ဘာ့အပြင်ဘက်ထိ ငါလိုက်သတ်မယ်"

"ဟော့ကောင်တွေ.. သူတို့ကိုတွေ့အောင်ရှာ.."

×××××××××××



www.burmeseclassic.com

www.burmeseclassic.com

သုထက်ပိုင်တို့သည် စက်လှေဖြင့်ချောင်းရိုးအတိုင်း မောင်းနှင်ပြေးကြ၏။

ခရီးအတော်ဝေးဝေးသို့ ရောက်သောအခါ စက်ကိုရပ်လိုက်ပြီး ရေစီးအတိုင်းမျောလိုက်ကြ၏။

လှေပေါ်တွင် သူတို့သည် စကားမဆိုနိုင်ကြပါပေ။ သေဆုံးသွားသော သူတွေအတွက် ဝမ်းနည်းနေ၏။

သုံးယောက်လုံးအတွေးကိုယ်စီဖြင့် ငြိမ်နေကြ၏။

အချိန်အတော်ကြာမှ လုလုက စကားစလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခုလောက်ဆို တော်တော်ဝေးဝေး ရောက်လောက်ပါပြီ၊ လှေပေါ်က ဆင်းကြရအောင်"

"ဟုတ်တယ်‥ ငါတို့နတ်သမီးရုပ်တုကို ရှာရဦးမယ်"

"စိုင်းနောင်…နင်က ခုလိုအသက်လုပြီးပြေးနေရတာတောင် နတ်သမီးရုပ်တုကို ရှာဦးမယ် ဟုတ်လား"

"နင် မသိပါဘူး လုလု၊ နတ်သမီးရုပ်တုသာ ငါတို့ရရင် ဒေသခံကချင်တွေက ငါတို့ကို ယုံကြည်လာမှာ၊ ငါတို့ကို ကူညီလာမျာ၊ ဒီရုပ်တုလက်ဝယ်ရှိမှ ဒေသခံတွေရဲ့ စိတ်ကတက်ကြွလာမှာ၊ စိတ်တက်ကြွမှ ကျောင်းရှောက်စန်းကို တော်လှန်နိုင်မှာပဲ"

"ကဲ‥ကဲ‥ တော်ကြာပါတော့၊ ငါတို့နားခိုလို့ရမယ့် နေရာရှာရအောင်"

သူထက်ပိုင်တို့သည် လှေကိုကမ်းသို့ကပ်လိုက်ပြီး ခရီးဆက်ခဲ့၏။

ထို့နောက် သစ်ပင်ရိပ်ကောင်းသော တောင်ကမူတစ်ခုပေါ်



www.burmeseclassic.com

www.burmeseclassic.com



တက်လိုက်ကြ၏။

“ဒီမှာပဲ နားရအောင်၊ နေရာလဲသန့်တယ်၊ ဟိုလူတွေ လိုက်လာရင်လဲ အလွယ်တကူမြင်နိုင်တယ်”

“ကဲ…ဗိုက်ဖြည့်ဖို့အတွက် တာဝန်ခွဲယူရအောင်”

“လုလုက ရေခပ်သွား”

“စိုင်းနောင်က စားစရာရှာခဲ့”

“ငါကခဏနေလို့ရတဲ့ တဲအိမ်ဆောက်မယ်”

သုံးယောက်သား တက်ညီလက်ညီလုပ်လေရာ ညနေစောင်းသော် ယာယီတဲတစ်လုံးပြီးလေ၏။

စိုင်းနောင်ရှာလာသော သစ်သီးများကို စားကြ၏။ မီးကို တော့မဖိုရဲပေ။ ကျင်းရှောက်စန်းတို့ မီးခိုးမြင်ပြီး လိုက်လာမှာ စိုးသောကြောင့်ဖြစ်၏။

ညရောက်သော် တစ်ယောက်တလှည့်စီကင်းစောင့်ကြ၏။ လရောင်သည် သစ်ရွက်များပေါ်သို့ ကျဲဖြန့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ပုရစ်အော်သံမှတစ်ပါး တောတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

တရံတစ်ခါ အဝေးတောနက်ထဲမှ သားကောင်ကြီးများ၏ အော်သံကို သဲ့သဲ့ကြားရ၏။

ညဦးပိုင်းတွင် သုထက်ပိုင်ကင်းစောင့်ကျ၏။ လရောင်၏ အရသာကိုခံစားရင်း တစ်ယောက်တည်းအတွေးပင်လယ်ထဲတွင် မျောနေ၏။

သုထက်ပိုင်သည် လာရင်းရည်ရွယ်ချက်ပျောက်နေသော သူ့ကိုယ်သူပြန်လည်ဆန်းစစ်မိ၏။

"အင်း...ကချင်ပြည်နယ်ရောက်တာလဲကြာပြီ ခုထိ ဦးလေးအကြောင်းလဲ ဘာမှမသိရသေးဘူး"

စိုင်းနောင်နှင့်လုလုတို့နောက် လိုက်နေရသဖြင့် ဦးလေးနှင့်ပတ်သက်သောအကြောင်းကို မစုံစမ်းရသေးပါချေ။

သုထက်ပိုင်သည် ဦးလေးနေရောင်ဝင်းကို သတိရကာ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲကြိုးတွင်ပါသော ဆွဲပြားလေးကိုပွတ်သပ်နေ၏။

"ချစ်..."

"ဟင်..."

"ဆွဲပြားလေးမှာ အံဝှက်ပါတာပဲ"

အံ့ဩစွာဖြင့် သုထက်ပိုင်သည် ဆွဲပြားအံဝှက်ကိုဆွဲထုတ်ကြည့်လိုက်၏။

အံဝှက်ပါသည်ကိုသူမသိပါပေ။ မတော်တဆ တွေ့ရှိမှုပင်။

"ဟင်... Memory Card သေးသေးလေးပဲ"

"စိုင်းနောင်ရေ..စိုင်းနောင်"

"ဘာလဲ အစ်ကို"

"မင်း Computer Notebook လေးပါသေးလား"

"ပါတယ်အစ်ကို၊ ကျောပိုးအိတ်ထဲမှာ ဘာလို့လဲ"

"ခဏပေးပါကွာ၊ ဒီမှာတစ်ခုထူးခြားတာတွေ့လို့"

စိုင်းနောင်သည် သူ၏ကွန်ပျူတာလေးကို ယူလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သုထက်ပိုင်သည် မန်မိုရီကဒ်လေးကို ကွန်ပျူတာနှင့်ချိတ်ဆက်ကြည့်လိုက်၏။

"ဟာ...ဓာတ်ပုံတွေ အများကြီးပဲ"

"ဟင်...ဒါ..ကျင်းရှောက်စန်း မှော်ထဲက အလုပ်သမားတွေကို နှိပ်စက်နေပုံတွေကို ရိုက်ထားတာပဲ"

သုထက်ပိုင် နားလည်လိုက်ပေပြီ။

ဦးလေး နေရောင်ဝင်းသည် ဒီနေရာသို့သေချာပေါက်ရောက်ခဲ့လိမ့်မည်။

သတင်းထောက်ဖြစ်သော ဦးလေးသည် ကျင်းရှောက်စန်း၏မတရားမှုများကို သေချာပေါက် မှတ်တမ်းတင်ခဲ့ပေလိမ့်မည်။

သူ၏ယုတ်မာမှုများ ပေါ်ပေါက်မည်စိုးသော ကျင်းရှောက်စန်းသည် နှုတ်ပိတ်သည့်အနေဖြင့် ဦးလေးကို လိုက်သတ်ပေလိမ့်မည်။

ဒါဆိုရင် ရန်ကုန်မှာ ဦးလေးကိုသတ်သွားသူတွေက



www.burmeseclassic.com

www.burmeseclassic.com



ကျင်းရှောက်စန်း တပည့်တွေဆိုတာ သေချာပေပြီ။

"အစ်ကို··အစ်ကို့ဦးလေးကို ကျင်းရှောက်စန်းက သတ်နိုင်း တာပေါ့"

"ဟုတ်တယ် ညီလေး··· တရားခံအစစ်ကသူပဲ"

"တွေ့ကြသေးတာပေါ့၊ ကျင်းရှောက်စန်းရယ်"

သုထက်ပိုင်သည် အံကြိတ်ကာ ပြောလိုက်၏။

"နောက်ထပ် ဖိုင်တွေရှိသေးတယ်၊ ဘာလဲ ကြည့်ရအောင်"

သုထက်ပိုင် နောက်ဖိုင်များကို ဖွင့်လိုက်၏။ ဓာတ်၊ ဆောင်၊ ရှုခင်းဓာတ်ပုံများ ထွက်လာ၏။

ဓာတ်ပုံများကြားတွင် မှုန်ဝါးဝါးပုံတစ်ခုကို တွေ့ရလေ၏။

သေချာအနီးကပ်ဆွဲကြည့်သောအခါ မြေပုံလိုလိုအရာတစ်ခုကိုတွေ့ရလေ၏။

"အစ်ကို···ဒါက တောင်သုံးလုံးတန်းနေသလိုပဲနော်၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ တောင်တွေက မျောက်သုံးကောင်ထိုင်နေသလိုလို”

“ဟုတ်တယ်ကွ၊ ဒီမှာလဲ ကြည့်ဦး၊ ဖြူဖြူအကြောင်း အရှည်ကြီး ချောင်းကိုပြောချင်တာထင်တယ်”

“အစ်ကို·ဒီနေရာမှာ အနီစက်ပြထားတယ်၊ ဘာထူးလဲ မသိဘူး”

“အေးကွ၊ ချောင်းကလဲ ဒီနေရာကျမှ တစ်ဆစ်ချိုးပုံစံ၊ ရေလှိုင်းပုံစံလဲများတယ်”

“အင်း···ရေတံခွန်ပုံစံပြောချင်တာလား”

“ဒီလိုပဲ ယူဆရတော့မှာပေါ့”

“ညီလေး·· ငါတို့ခရီးဆက်သွားရင် တောင်တွေနဲ့ရေတံခွန် တွေ့မလား သတိထားရမယ်”

“ဟုတ်ကဲ့အစ်ကို·· ကြိုးစားရှာကြတာပေါ့”

“ကဲ··ညီလေး··· မင်း··ကင်းစောင့်လှည့်ရောက်ရင် အိပ်ချင်နေလိမ့်မယ်၊ သွားနားတော့”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အစ်ကို"

သုထက်ပိုင်သည် မြေပုံကို စိတ်ဝင်တစားဆက်ကြည့်နေလေ၏။

လရောင်သည် ပို၍ထွန်းလင်းလာ၏။ မြေပုံကြည့်နေသည်မှာ မည်မျှကြာသွားသည်မသိ။

"ချွတ်..."

"ဟင်...လုလု... အိပ်မပျော်ဘူးလား"

"ခဏတော့မှေးကနဲပျော်သွားတယ် အခုမှနိုးလာတာ၊ အဲဒါ အကို့ဆီခဏထွက်လာတာ"

"အစ်ကိုဘာတွေစိတ်ဝင်တစားကြည့်နေတာလဲ အကို ချစ်သူပုံလား"

"မဟုတ်ပါဘူး လုလုရယ်...မြေပုံကြည့်နေတာပါ"

"ဘာလဲ...ရတနာနတ်သမီးရုပ်ထုမြေပုံလား"

"သေချာတော့မသိသေးဘူး ထင်ရတာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုစိတ်မဆိုးရင် မေးစရာရှိတယ်"

"မေးလေ လုလု ဘာသိချင်လဲ"

"အကိုက ဦးလေးနဲ့နှစ်ယောက်ထဲနေတာလား"

"ဟုတ်တယ် လုလု…အကိုက ဆွေမျိုးနည်းတယ် ဦးလေးကပဲ အစ်ကို့ကိုဘွဲ့ရသည်အထိ ကျွေးမွေးလာတာ၊ အခု ဦးလေးကမရှိတော့ဘူး"

"အစ်ကိုတစ်ယောက်ထဲ အထီးကျန်ဆန်နေမှာပဲနော်"

လုလုက ကရုဏာမျက်ဝန်းများဖြင့်ကြည့်ရင်း ဆို၏။

"အစ်ကို…ဒီရောက်တာလဲကြာပြီ အစ်ကို့ချစ်သူကို မလွမ်းဘူးလား"

"အစ်ကို့မှာ ချစ်သူမရှိပါဘူး လုလုရယ်.."

"မယုံပါဘူး၊ အစ်ကို ဒီလောက်ချောတာ၊ ရှိမှာပေါ့"

"တကယ်မရှိပါဘူး၊ အစ်ကို့ဘဝက မိဘမရှိတော့ ချို့တဲ့တယ်လေ၊ ဦးလေးအထောက်အပံ့နဲ့ ကျောင်းတက်ရတာဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ပညာရေးကိုပဲ ဦးစားပေးခဲ့ရတယ်၊ နှလုံးသားက အိပ်ပျော်နေ တာကြာပါပြီ"

"ဪ...အစ်ကိုရယ်..."

လုလုသည် ရှန်းလဲ့ကြည်လင်သော မျက်ဝန်းအစုံဖြင့် သုထက်နိုင်ကို ကြည့်လိုက်၏။

"လုလု..မနက်ကျ ခရီးဆက်ရမယ်၊ အိပ်ရေးပျက်နေမယ်၊ အိပ်တော့လေ"

"အင်းပါ အစ်ကိုရယ်.. ဒါဆိုလဲ လုလုအိပ်တော့မယ်နော်"

ထွက်ခွာသွားသော လုလု၏ကျောပြင်ကိုကြည့်ရင်း . သုထက်ပိုင် အတွေးရေယာဉ်ကြောဝယ် မျောမိ၏။

"မျက်ဝန်းအကြည့်တွေကို နားလည်ပါတယ် ညီမရယ်၊ အစ်ကို့ရင်ထဲမှာ ညီမ ရှိပါတယ်၊ ဒါပေမယ့် ဘယ်ရောက်ပြီး ဘာဖြစ်မယ်မသိသေးတဲ့ဘဝမို့ မသိချင်ယောင်ဆောင်ခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



သုထက်ပိုင်၏ ရင်ထဲကစကားများကို လုလု မကြားနိုင်တော့ပါချေ။

သန်းခေါင်ကျော်သောအခါ စိုင်းနောင်သည် သုထက်ပိုင်နှင့် ကင်းစောင့်လာလဲ၏။

"အစ်ကို...ခဏနားဦးလေ ညီလေးစောင့်မယ်"

"ကျေးဇူး ညီလေး"

သုထက်ပိုင်သည် ကျောပိုးအိတ်ကိုခေါင်းခုအိပ်ရင်း သစ်ပင်ရင်းတွင်လှဲလိုက်၏။

အတွေးများကြောင့် ရတ်တရက် အိပ်မပျော်ပါချေ။ မိုးလင်းခါနီးတွင် မှေးကနဲအိပ်ပျော်သွား၏။ အိမ်မက်ထဲတွင် လုလုနှင့် မင်္ဂလာပွဲကျင်းပနေ၏။

××××××××××××



www.burmeseclassic.com

www.burmeseclassic.com

မနက်မိုးလင်းသောအခါ သူထက်ပိုင်တို့ခရီးဆက်ကြ၏။

ကျွင်းရှောက်စန်းတို့ကို ရှောင်ရမည်ဖြစ်သောကြောင့် ပေါ်ပေါ်ထင်ထင်မသွားရဲပါပေ။

တောတောင်ထူထပ်သော လမ်းကိုရွေးသွားနေ၏။

တောတောင်အထပ်ထပ်ကိုဖြတ်ကျော်ခဲ့၏။

သူထက်ပိုင်တို့က ချောက်ထဲကချောင်းအတိုင်း ခရီးဆက်နေသလို ကျွင်းရှောက်စန်းတို့ကလဲ ဆိုင်ကယ်ဖြင့် တောင်ပေါ်လမ်းတစ်လျှောက် ခရီးဆက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"လုလု…ဖြည်းဖြည်းလျှောက်နော် သတိထား"

"ဟုတ်ကဲ့…အစ်ကို"

သူထက်ပိုင်တို့သည် ချောင်းရိုးအတိုင်း ခရီးဆက်လာရာ တစ်နေရာအရောက်တွင် စိုင်းနော်သည် အလန့်တကြားပြော၏။

"ဟေး…တွေ့ပြီကွ"

"ညီလေး…ဘာလဲ"

"အစ်ကို…ဟိုမှာကြည့်စမ်း တောင်သုံးလုံးက မျောက် သုံးကောင်ထိုင်နေသလိုပဲ မြေပုံအတိုင်းပဲ"

"အေး ဟုတ်သားပဲ အဝေးကကြည့်ရင် တူသလိုပဲ"

"ဒါဆိုရင် ဒီနားမှာပဲ ရေတံခွန်ရှိရမယ်"

"ရှာကြည့်ကြတာပေါ့"

သူထက်ပိုင်တို့သည် အားတက်သွားကြ၏။ ခြေလှမ်းကို သွက်သွက်လှမ်းမိကြ၏။

မကြာမီပင် တောင်စောင်းတစ်ခုတွင် တဝေါဝေါကျနေသော



www.burmeseclassic.com

www.burmeseclassic.com



ရေတံခွန်ကြီးကိုတွေ့လိုက်ရလေ၏။

"အစ်ကိုရေ...ရေတံခွန်တွေ့ပြီဗျ"

"ရေတံခွန်က ဟုတ်ပါပြီ နတ်သမီးရုပ်ထုကို ဘယ်လိုရှာမလဲ"

"အင်း...ဒါလဲဟုတ်တာပဲ ဘာပဲဖြစ်ဖြစ်ရေချိုးလို့ရပြီ"

"အစ်ကို...လာဗျာ...ရေကူးရအောင်"

သုထက်ပိုင်တို့သုံးဦးသည် ရေထဲသို့ခုန်ဆင်းလိုက်၏။

"ညီလေး...ရေငုပ်ပြီး နည်းနည်းရှာကြည့်ရအောင်"

"အေး...ရှာကြတာပေါ့"

သုထက်ပိုင်နှင့် စိုင်းနောင်သည် ရေအောက်သို့တတ်နိုင်သမျှ ငုပ်ရှာ၏။ အသက်ရှူမဝသောအခါ ပြန်တက်လာ၏။

"အစ်ကို...ဘာတွေ့လဲ"

"ဘာမှ မတွေ့ဘူး"

"ကျွန်တော်လည်း ဘာမှမတွေ့ခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရေထဲတွင် အတော်ကြာကြာနေပြီး ချမ်းလာသောအခါ သုထက်ပိုင်တို့ ကမ်းပေါ်တက်လိုက်ကြ၏။

အဝတ်အစားလဲရင်း နေပူစာလှုံကြ၏။

ထို့နောက်ကမ်းခြေတွင် ခြေပစ်လက်ပစ်ထိုင်ကြရင်း လှပသောရေတံခွန်ကြီးကို ငေးကြည့်နေကြ၏။

"ဝေါ...ဝေါ..."

ရေတံခွန်ကြီးသည် အရှိန်ပြင်းစွာကျနေ၏။ ရေမှုန်ရေမွှားတို့သည် လှပစွာ လွင့်ပျံတက်လာ၏။

ရုတ်တရက် ရေတံခွန်ကြီးကိုကြည့်ရင်း သုထက်ပိုင်သည် အတွေးတစ်ခုပေါက်သွား၏။

သုထက်ပိုင်သည် တစ်လံလောက်ရှည်သော တုတ်သုံးချောင်းကိုရှာလေ၏။

"အစ်ကို...ဒီတုတ်ချောင်းလေးတွေနဲ့ ဘာလုပ်မှာလဲ"

"ဒီကိုကွ ငါ့ညီရ... အစ်ကိုစဉ်းစားမိတာတစ်ခုရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီရေတံခွန်နောက်မှာ တစ်ခုခုရှိမလားမသိဘူး၊ အစ်ကိုတော့ ရေတံခွန်နောက်ထိရောက်အောင် ကူးချင်တယ်"

"ရေစီးသန်တယ်နော်၊ မလွယ်ဘူး၊ နောက်ပြီး ရေခွန်းတော့ ဘာမှ မမြင်ရလောက်ဘူး"

"ဒီတုတ်ကလေးတွေကို သုံးရမယ်"

"ဘယ်လိုသုံးရမလဲ"

"ဒီတုတ်တွေနဲ့ ရေ့ကိုထောက်ပြီး ကျောက်နံရံရှိမရှိ စမ်းကြည့်မယ်လေ"

"မဆိုးဘူး အစ်ကို၊ ဒီအကြံကောင်းတယ်"

"ကဲ..စလိုက်ကြစို့"

သုထက်မိုင်တို့သည် ရေအောက်သို့ငုပ်ကြ၏။ အပေါ်က ကျလာသော ရေအားသည် ပြင်းလှ၏။ တစ်ခါတစ်ခါ နောက်သို့ပြန်လည်သွား၏။

တစ်ဦးနှင့်တစ်ဦး ဖေးမထားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ရေစင်သောကြောင့် မျက်လုံးများ ကျိန်းစပ်ကုန်၏။ရေ့မှာ ကျောက်ဆောင် ရှိမရှိ တုတ်နှင့်စမ်းကြည့်ရ၏။

ကြိုးစားပြီး ရေ့တိုးသွားကြ၏။ အတွင်းပိုင်းရောက်သော အခါ ရေစီးအား ရေကျအားနည်းသွား၏။

ရေတံခွန်နောက်အတွင်းပိုင်းတွင် ရေသည်ခါးလယ်လောက် သာရှိတော့၏။

ကျယ်ဝန်းသောလိုဏ်ဂူတစ်ခုကိုတွေ့လိုက်ရ၏။ လိုဏ်ဂူ တွင်း၀ယ် ရေညှိများဖြင့် စိမ်းစိုနေ၏။ အလင်းရောင်သိပ်မရပါချေ။

ရေစက်များသည် လိုဏ်ဂူအမိုးမှ တစ်ပေါက်ပေါက်ကျနေ ၏။ သူထက်ပိုင်တို့သည် ရေထဲကတက်ကာ ဂူအတွင်းလှည့် ကြည့်လိုက်၏။

"လုလု…သတိထားနော်၊ ရေညှိတွေနဲ့ချောတယ်"

သူထက်ပိုင်သည် စိုးရိမ်စိတ်ဖြင့် သတိပေးလိုက်၏။ လုလု ရင်ထဲတွင် အပျော်တစ်ခု ဖြတ်စီးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



စိုင်းနောင်က သူကြားဖူးသောအကြောင်းအရာဒဏ္ဍာရီ စကားကိုပြောပြ၏။

"ရှေးဟောင်းကချင်လူကြီးများပြောကြတာက နတ်သမီး ရုပ်တုဟာ လှုပ်ရှားနေသော ကန့်လန့်ကာနောက်ကွယ်မှာစံနေ တယ်တဲ့"

"လက်စသတ်တော့ ရေတံခွန်နောက်မှာကိုး"

သုထက်ပိုင်တို့သည် ရှေ့ဆက်နိုင်ရန် အသင့်ပါလာသော မီးခြစ်ကိုထုတ်လိုက်ပြီး နံရံကိုကပ်ကြည့်လိုက်၏။ နံရံသည်မီး ကူးသွားပြီး မီးတောက်သည် နံရံတစ်လျှောက် စွဲလောင်သွားသည်။

သုထက်ပိုင်တို့သည် ကြည့်ကောင်းကောင်းနှင့်ကြည့်နေ လိုက်၏။

"ဝုန်း..."

"ဗွမ်း..."

ရုတ်တရက် ဝုန်းကနဲ မီးတောက်တစ်ခုထလာ၏။



www.burmeseclassic.com

www.burmeseclassic.com



သုထက်ပိုင်တို့ ကြောက်လန့်တကြား ရေထဲသို့ ခုန်ဆင်းကြ၏။

ခဏကြာမှ ပြန်တက်လာကြ၏။

"ဂူထဲမှာ မီသိမ်းခတ်ငွေ့တွေ ခိုအောင်းနေတတ်တာ မေ့သွားတယ်"

"တော်ပါသေးရဲ့၊ မီးငြိမ်းသွားလို့"

သုထက်ပိုင်တို့ ဂူထဲသို့ဆက်ဝင်လာခဲ့၏။

"မီးထပ်မညှိနဲ့တော့နော်၊ ဒီဂူထဲမှာ မီသိမ်းခတ်ငွေ့တွေ အလုံးအရင်းနဲ့ ကျန်နေလိမ့်ဦးမယ်"

သုထက်ပိုင်တို့ ဆက်သွားသောအခါ လိုဏ်ဂူသည် သစ်မြစ်များဖြင့် ပိတ်နေ၏။

သစ်မြစ်များကို ဖြုတ်ပြီး ခရီးဆက်ကြ၏။ ရှေ့ရောက်သောအခါ လိုဏ်ဂူတစ်ခုလုံး မျောတိုင်များထောင်လျက် ပိတ်နေသည်ကိုတွေ့ရလိုက်ရ၏။

မျောတိုင်များသည် ခြေသလုံးပမာဏရှိ၏။ မျောတိုင်များ



www.burmeseclassic.com

www.burmeseclassic.com



ကိုသေချာစစ်ကြည့်လိုက်သောအခါ ခေါင်မိုးပေါ်က ကျောက်တုံးများကို ထောက်ထားကြောင်းတွေ့ရလေ၏။

နှစ်ပေါင်းများစွာ ကြာသောကြောင့်မျောတိုင်များမှာ အတော်ပင်ဆွေးနေပေပြီ။

အကယ်၍ မျောတိုင်များကို ဖယ်လိုက်ပါက ကျောက်တုံးများ ပြုတ်ကျလာမည်ဖြစ်၏။

"ကဲ..ဘယ်လိုလုပ်မလဲ၊ နောက်ပြန်လှည့်ရင်ကောင်းမယ်"

လုလုသည် နောက်လှည့်ချင်နေပြီ။

"နေပါဦးဟ... မျောတိုင်တစ်တိုင်လောက်စမ်းဖယ်ကြည့်ရအောင်"

"မလုပ်နဲ့စိုင်းနောင်၊ ကျောက်တုံးတွေပြုတ်ကျလာပြီး ဝူပါပြိုသွားမယ်"

"နင်ကလဲ၊ ဒီလောက်တောင်ရောက်လာပြီးမှတော့ စမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရမှာပေါ့၊ အရှုံးမပေးချင်ဘူး”

စိုင်းနောင်သည် မျောတိုင်တစ်ခုကို လှုပ်ကြည့်၏။

“ဝုန်း”

ကျောက်တုံးတစ်တုံးပြုတ်ကျလာ၏။ သုထက်ပိုင်က မျော တိုင်ကို ဖမ်းထိန်းထားလိုက်၏။

“ဘာလို့လဲမသိဘူး၊ ဒီနေရာမှာမကောင်းတာတစ်ခုခုရှိနေ တယ်လို့ ကျွန်မ ခံစားရတယ်”

“ဘာလို့လဲဆိုတော့ ငါတို့ ဒီနေရာမှာ ရှိမနေသင့်လို့ပေါ့ လုလုရယ်..”

ရုတ်တရက် စိုင်းနောင်သည် အောက်ခြေတွင် တစ်ခုခုကို တွေ့မြင်သွား၏။

စိုင်းနောင်သည် ထိုင်ချလိုက်ပြီး ကြမ်းပြင်ကိုလက်ဖြင့် ပွတ်လိုက်၏။

ငှက်ရုပ်တစ်ခုပေါ်ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ··ကျွန်တော်သိပြီ၊ ငှက်ရှပ်နောက်ကိုလိုက်ရမယ်၊ ငှက်ရှပ်နားက မျောတိုင်ကို ဖြုတ်ကြည့်ရမယ်"

စိုင်းနောင်သည် ငှက်ရှပ်ကိုကြည့်ပြီးရှေ့ဆက်တိုးဝင်သွား၏။

"စိုင်းနောင်···ပြန်ထွက်ခဲ့"

လုလုက စိုးရိမ်တကြီးအော်၏။ သို့သော် စိုင်းနောင်သည် တစ်စုံတစ်ခုက ညှို့ငင်ခံနေရသည့်အလား ငှက်ရှပ်အတိုင်းလိုက်သွား၏။

ခြေလှမ်းတစ်လှမ်းကျော်တွင် ငှက်ရှပ်တစ်ခုကို တွေ့ရ၏။ ငှက်ရှပ်နားက မျောတိုင်တိုင်ဖယ်ပြီး စိုင်းနောင်သည် ဟိုဖက်အထိ ကူးသွား၏။

"စိုင်းနောင်···ဂူအမိုးပြိုကျတော့မယ်၊ မြန်မြန်လုပ်"

သုထက်ပိုင်က သတိပေး၏။

ငှက်ရှပ်များဆုံးသွားသောအခါ ဘုရားစင်ကဲ့သို့ စင်လေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုရှိ၏။ ထိုစဉ်ပေါ်တွင် နတ်သမီးရုပ်တု။

စိုင်းနော်င်သည် ရုပ်တုကို ဝမ်းသာအားရလှမ်းယူလိုက်၏။

ရုပ်တုတွင် ဖုံးလွှမ်းနေသော ရေညှိများကို ပွတ်သပ်ဖယ်ရှားလိုက်၏။

ရွှေရောင်ဝင်းခနဲ ပေါ်ထွက်လာ၏။

"ငါလုပ်နိုင်ခဲ့ပြီ"

"နှစ်ပေါင်းရာချီ ပျောက်ကွယ်နေသောဒဏ္ဍာရီနတ်သမီးရုပ်တု အခု ငါ့လက်ထဲရောက်လာပြီ"

ထိုအချိန်တွင်မျောတိုင်များကျိုးပြီး ဂူအမိုးစတင်ပြိုလေ၏။

"ဖြောင်း…ဖြောင်း…"

"ဝုန်း…"

"စိုင်းနော်င် မြန်မြန်ပြန်ထွက်ခဲ့တော့"

မျောတိုင်များကို တတ်နိုင်သမျှ ထိန်းနေရသော သုထက်ပိုင်သည် အလန့်တကြား အော်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ထွက်..ထွက်..အခုပြေးထွက်ခဲ့"

စိုင်းနော်သည် ကျောက်တုံးများကိုရှောင်ကာမျောတိုင်များကြားမှ အလျှင်အမြန်ပြေးထွက်လာခဲ့၏။

××××××××××××



www.burmeseclassic.com

www.burmeseclassic.com

စိုင်းနောင်ရောက်သောအခါ သုံးယောက်သား ရေထဲသို့ ခုန်ဆင်းခဲ့ကြလေ၏။

ရေငုပ်ကာ ရေတံခွန်အပြင်ဘက်သို့ထွက်ခဲ့ကြ၏။ ကမ်းပေါ်တက်ကာ သုံးယောက်သား ခြေပစ်လက်ပစ်ထိုင်ကာ အနားယူကြ၏။

သူတို့ရင်ဝယ် အပျော်ကိုယ်စီနှင့်။

ခဏနားပြီးသော် လုလုက ဆော်ဩလိုက်၏။

"ကဲ...ခရီးဆက်ရအောင်၊ တော်ကြာ ကျင်းရှောက်စန့်တို့နဲ့ တိုးနေလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းသောအခါတောအုပ်တစ်ခုသို့ရောက်လာ၏။

"ကဲ‥ နားကြရအောင်၊ တော်ကြာမှောင်တော့မယ်"

သူထက်ပိုင်တို့သည် နားရန်ပြင်ဆင်လေ၏။

"ရှင်တို့ ပင်ပန်းနေတာဆိုတော့ ကျွန်မပဲ ညစာအတွက် သစ်သီးရှာပေးပါ့မယ်"

သိပ်မကြာ လုလုပြန်ရောက်လာ၏။

လက်ထဲတွင် လက်သီးဆုပ်ပမာဏရှိသောအသီးများပါလာလေ၏။

"ဘာသီးတွေလဲ၊ ငါမစားဘူးပါလား"

သူထက်ပိုင်က သစ်သီးကို မမြင်ဖူး၍ မေးလိုက်၏။

"ဒါ ကိုးတောင်ဘို့သီးလို့ခေါ်တယ်၊ အရမ်းစားကောင်းတယ်၊ ကံကောင်းလို့ ဒီနားတင်ရလာတာ"

လုလုသည် သစ်သီးများကို သူကိုယ်တိုင်ခွဲကျွေး၏။

"လုလု‥နင်းရောစားလေ"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ခူးရင်းသား စားခဲ့ပြီးပေါ့၊ နင်တို့သာ ဝအောင် စား၊ ပြီးမှ ငါစားမယ်"

သုထက်ပိုင်နှင့် စိုင်းနောင်သည် လုလုခူးပေးသော သစ်သီးများကို ပင်ပင်ပန်းပန်း မစားရတာကြာပြီဖြစ်သောကြောင့် အငမ်းမရ စားကြ၏။

သစ်သီးစားနေရင်း သုထက်ပိုင်သည် နတ်သမီးရုပ်တုကို သေချာစွာကြည့်နေ၏။

"ကျွန်မသာ အစ်ကို့နေရာမှာဆိုရင် နတ်သမီးရုပ်တုရဲ့ မျက်လုံးကို ကြည့်ဝံ့မှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ လုလု"

"အဲဒါ အန္တရာယ်ရှိတယ်တဲ့ အစ်ကို"

"နောက်ထပ်ရော ဒီနတ်သမီးရုပ်တုနဲ့ပတ်သက်ပြီး ဒဏ္ဍာရီ စကားကဘာလဲ"

"တကယ့်ပိုင်ရှင်အစစ်လက်ထဲကို ရောက်သွားသောအခါ



www.burmeseclassic.com

www.burmeseclassic.com



မြစ်ထဲမှာ ငါးတွေနဲ့ပြည့်နေလိမ့်မယ်၊ သစ်ပင်တွေကလဲ ပုခက်ပုံစံမျိုးတွေပြောင်းသွားပြီး ပိုမိုရှင်သန်လာကြလိမ့်မယ်၊ နောက်ပြီး လူတွေက သစ်ပင်တွေဆီက ပိုမိုမှီခိုနေထိုင်နိုင်ကြလိမ့်မယ်"

"ဒီနတ်သမီးရုပ်တုဟာ ဒေသခံကချင်တွေရဲ့ စိတ်ကို တကယ်ပြောင်းလဲစေနိုင်မယ်လို့ယုံလား"

"မထင်ပါဘူး အစ်ကိုရယ်၊ ဒါပေမယ့် ဒီရုပ်တုကို ရောင်းလိုက်ရင်တော့ ဒီလိုမျိုးပြောင်းနိုင်လိမ့်မယ်၊ ရောင်းရငွေနဲ့ မျိုးစေ့ဝယ်မယ်၊ ဆည်တောက်နိုင်မယ်၊ စက်ပစ္စည်းတွေ ဝယ်နိုင်မယ်၊ ကိုယ့်ဘာသာ စိုက်ပျိုးစားသောက်နိုင်မယ်၊ ဒါမှ ကျေးရွာက်စန်းရဲ့ငရဲတွင်းကလွတ်မှာပေါ့"

"ဒီအရုပ်သာမှောင်ခိုဈေးကွက်ရောက်သွားရင် ပျောက်သွားလိမ့်မယ် လုလု"

စိုင်းနောင်က ဝင်ပြော၏။

"စိုင်းနောင်...အားလုံးအတွက် ငါဒီအရုပ်ကို ရောင်းရ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်"

"ငါကတော့ ဒီရောင်းရငွေနဲ့ပဲ ဒေသခံတွေကို ကယ်တင်ချင်တယ် စိုင်းနောင်"

"တကယ်လို့ ငါသာ ပြတိုက်ကိုလှူမယ်ဆိုရင် ငါက ကမ္ဘာကျော်သွားနိုင်တယ်လုလု"

"နင့်အကြောင်း မသိတာကျနေတာပဲ၊ နင်လား ပြတိုက်လှူမှာ"

"အစ်ကိုရော ဒါပြီးရင်ဘာလုပ်မှာလဲ"

"အစ်ကို့တာဝန် မပြီးသေးဘူးလေ၊ ဦးလေးကို သတ်သွားတဲ့ ကျင်းရှောက်စန်းနဲ့စာရင်းရှင်းရဦးမယ်၊ သူ့ရဲ့ ယုတ်မာမှုတွေကို ဖော်ထုတ်ရမယ်"

သစ်သီးစားရင်း စိုင်းနောင်သည် သုထက်ပိုင်ကိုကြည့်လိုက်၏။

သုထက်ပိုင်၏ ကိုယ်ခန္ဓာသည် နှစ်ခုဖြစ်နေ၏။ သူ၏



www.burmeseclassic.com

www.burmeseclassic.com



အမြင်အာရုံဝေဝါးလာ၏။ မကြာမီ လက်ထဲက သစ်သီးလွတ်ကျ သွားပြီး လဲကျအိပ်ပျော်သွား၏။

သုထက်ပိုင်လည်း သစ်သီးလွတ်ကျပြီး လဲကျအိပ်ပျော် သွား၏။

"ရှင်တို့အတွက် စိတ်မကောင်းပါဘူး၊ ဒါပေသိ ခြောက် နာရီလောက် အိပ်ပျော်ပြီးရင် ရှင်တို့နိုးလာမှာပါ"

"ရှင်တို့အတွက် မီးဖိုပေးခဲ့မယ်၊ တောကောင်ရန်က ကာ ကွယ်ရအောင်ပေါ့"

"နှုတ်ဆက်ခဲ့ပါတယ် ဘိုင့်ဘိုင်"

လုလုသည် နတ်သမီးရုပ်တုကို အိတ်ထဲကောက်ထည့်ပြီး ထိုနေရာမှ ထွက်ခွာသွားလေ၏။

xxxxxxxxxxx



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

## ထူးဆန်းသောအချစ်နှင့်ရန်ကြွေး

နေရောင်သည် မျက်နှာကိုတည့်တည့်ထိုးသောအခါ သူထက်ပိုင်တို့ သတိရလာ၏။

သတိရလာသော်လည်း ကိုယ်လက်တို့သည် မလှုပ်ရှားနိုင်သေးပါချေ။

အင်အားကုန်ခမ်းသလို ခံစားနေရ၏။ မျက်လုံးဖွင့်ကြည့်သော် သူ့ရှေ့တွင်လဲနေသော စိုင်းနောင်ကို သတိရနေသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သုထက်ပိုင်သည် ဟိုဟိုဒီဒီငေ့ကြည့်လိုက်၏။

"ဟာ··ပြုံသနာပဲ"

"ဘာလဲ··ဘာလဲ···"

"မျောက်တွေဟ"

မျောက်များသည် ကွိကွိကွကွဖြင့် သုထက်ပိုင်တို့အား တွင် ခုန်ဆွခုန်ဆွလုပ်နေ၏။

ရန်တော့မပြုသေးပါချေ။

"အစ်ကို··မျောက်တွေကို မောင်းထုတ်ပေးပါ"

"ဟိုတ်···· ထွက်သွားစမ်း၊ ထွက်သွားစမ်း"

သုထက်ပိုင်သည် မျောက်များကို မောင်းထုတ်လိုသော် လည်း ခြေလက်များ လှုပ်မရသေးပါချေ။

"ထွက်သွားစမ်း မျောက်စုတ်တွေ"

"မလာနဲ့··· မလာနဲ့"

မျောက်များသည် တဖြည်းဖြည်း ချဉ်းကပ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



သုထက်ပိုင်သည် အားကုန်ထုတ်ပြီးလက်ကိုလွှပ်ရှားလိုက်၏။ တုတ်တစ်ချောင်းကို ကောက်ယူပြီး မျောက်များကိုပစ်လိုက်၏။

မျောက်များသည် ထွက်ပြေးသွားကြ၏။

သုထက်ပိုင်သည် ကြိုးစားပြီး ထရပ်လိုက်၏။ ယိမ်းယိုင်သွားပြီး ပြန်လဲကျသွား၏။

"အား…မှန်းလိုက်တာ၊ ဒီတောကြီးကိုရော၊ မျောက်တွေရော၊ ဟိုအသီးတွေရော…"

"ငါ အိမ်ပြန်ချင်နေပြီ၊ အေးအေးဆေးဆေးနေချင်ပြီ"

သုထက်ပိုင်သည် တစ်ယောက်တည်းရေရွတ်နေ၏။

သုထက်ပိုင်တို့သည် တစ်နာရီကျော်ကျော်ကြာအောင် အနားယူပြီးနောက် အင်အားပြည့်ဖြိုးလာ၏။

"အစ်ကို…ဘာဆက်လုပ်မလဲ"

"ငါပြန်ချင်ပြီကွာ၊ ဘာမှမလုပ်ချင်တော့ဘူး၊ ရန်ကုန်ပြန်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ဟိုရောက်မှ ကျင်းရှောက်စန်းနဲ့ပဖ်သက်တာတွေကို သက်ဆိုင်ရာအပ်လိုက်မယ်"

"ကျွန်တော် အစ်ကိုဘယ်လိုဖြစ်နေတယ်ဆိုတာ နားလည်ပါတယ်၊ လုလု••ဒီလိုလုပ်သွားလို့ စိတ်မကောင်းဖြစ်နေတာမဟုတ်လား"

"ညီလေးရော••ဘာဆက်လုပ်မလဲ"

"လောလောဆယ် အစ်ကိုနဲ့လိုက်ခဲ့မယ်၊ နောက်မှ လုလုကို လိုက်ရှာရမှာပေါ့"

သုထက်ပိုင်တို့နှစ်ဦးသည် တောထဲမှထွက်လမ်းကိုရှာကာ လမ်းမပေါ်သို့ထွက်ခဲ့လေ၏။

ထို့နောက် သုထက်ပိုင် ငွေပေးထားခဲ့သော ကားဆရာဆီထွက်ခဲ့လေ၏။

"ဘယ်လိုလဲ မင်းတို့နှစ်ယောက် တော်တော်ခရီးပန်းလာတယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ကားဆရာရေ… ကျွန်တော်ပြန်တော့မယ် ဗျာ"

"ဒါနဲ့ ငါဝယ်ပေးထားတဲ့ ဆိုင်ကယ်ရော"

"ချောက်ထဲကျ ကျန်ခဲ့ပေါ့"

"ကဲ… ကားဆရာ၊ ကျွန်တော်တို့ ဒီကထွက်ဖို့အချိန် ဘယ်လောက်ယူရမလဲ"

"ဘာတွေလောနေတာလဲ"

"ကျောင်းရှောက်စန်း ကျွန်တော့်ကို ရန်မရှာခင် ဒီကထွက် ရမယ်လေဗျာ"

"ကျောင်းရှောက်စန်းအတွက်တော့ ပူမနေပါနဲ့"

"ဘာလို့လဲ"

"ဒီမကောင်းဆိုးဝါးကြီးက မင်းရဲ့လမ်းခရီးကို နှောက် ယှက်တော့မှာမဟုတ်ဘူး"

"ဟင်…"



www.burmeseclassic.com

www.burmeseclassic.com



"သူက လိုချင်တာရသွားပြီလေ"

"ကားဆရာ··ဘာကိုဆိုလိုတာလဲ"

"သနားစရာကောင်းတဲ့လုလုကို သူက တောထဲမှာဖမ်းမိသွားပြီလေ"

"နတ်သမီးရုပ်တုနဲ့ မိန်းမချောလေးရထားမှတော့ ဘယ်မင်းတို့ဘက်လှည့်တော့မလဲ"

"ကောင်မလေးရော ပစ္စည်းရော သူ့ဟာဖြစ်သွားပြီ"

"ဘာရယ်···"

"ဟုတ်တယ်··· ကောင်မလေးက သူ့အတွက်ဖြစ်ပြီပေါ့"

သုထက်ပိုင်၏ရင်ထဲတွင် ဒေါ်ျင်တစ်ခု လှုပ်ရှားသွား၏။ လုလုအတွက် စိတ်ပူသွား၏။

စိုင်းနောင်သည်လည်း သူ့အသက်စွန့်ပြီး ယူထားရသော နတ်သမီးရုပ်တုအတွက် နှမြောမိ၏။

"ခွေးသားကြီး··သူ ငါ့နတ်သမီးရုပ်တု ရသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အခုအချိန်လောက်ဆို ကျောင်းရှောက်စန်းက လုလုကို နှိပ်စက်နေလောက်ပြီ"

သုထက်ပိုင် ဂဏာမငြိမ်ဖြစ်နေ၏။

မထိုင်နိုင်ဘဲ ဟိုဟိုဒီဒီ လမ်းလျှောက်ရင်း အကြံထုတ်နေ၏။

"ညီလေး..သွားရအောင်လေ"

ကားဆရာက သုထက်ပိုင်ကို လှမ်းခေါ်လိုက်၏။

"ကျွန်တော် မသွားသေးဘူး"

"ဘာ..."

"အစ်ကို...ကျောင်းရှောက်စန်းနဲ့ရင်ဆိုင်မလို့လား၊ မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး၊ သူ့မှာလက်နက်ကိုင်တွေ၊ စစ်တပ်သေးသေးလောက်ရှိတယ်"

"အစ်ကို သူ့ကိုတစ်ယောက်တည်း ဝင်တိုက်မယ်ဆိုရင် အစ်ကို မိုက်မဲတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ညီလေး၊ မင်း··စိုင်းနော်အံကူအညီကို ရယူသင့်တယ်"

"စိုင်းနော်က ကူညီချင်ပါ့မလား"

"အစ်ကိုရာ·· နတ်သမီးရုပ်တုမရှိရင် ကျွန်တော့်ဘဝလည်း မရှိတော့ဘူးလေ၊ ကျွန်တော် နှစ်ပေါင်းများစွာ အပင်ပန်းခံပြီး ရှာထားရတဲ့ ပစ္စည်းကို ဒီလူယုတ်မာလက်ထဲ အရောက်မခံနိုင်ဘူး"

"ကျွန်တော် အစ်ကို့ကို ကူညီမယ်"

"အစ်ကို··အစ်ကိုရသမျှအကူအညီ အကုန်လုံးယူမယ်တယ်၊ ကားဆရာကိုလည်း အကူအညီတောင်းပါ"

"အွင်··ငါတော့ မင်းတို့လို သတ်ပုတ်တာ မတော်ပါဘူး၊ ဒါပေမယ့် ငါတတ်နိုင်သလောက် ကူညီမှာပါ၊ ငါ့ကိုယ်စွမ်း ဉာဏ်စွမ်းနဲ့ ကူညီမယ်"

"အတူတူလက်တွဲကြတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုရေ…မနက်ဖြစ်ဆို ကျွန်တော်တို့အသက်တွေ ရှင်ချင်မှရှင်တော့မှာ၊ ဘာပဲဖြစ်ဖြစ် အစ်ကိုနဲ့အတူတွဲပြီး ရင်ဆိုင်ရတဲ့အတွက် ကျေနပ်မိပါတယ်"

"ငါလဲ အတူတူပါပဲကွာ"

××××××××××



www.burmeseclassic.com

www.burmeseclassic.com

လုလုနှင့်ပစ္စည်းကို မိလာပြီဟု သတင်းရသောအခါ ကျောင်းရှောက်စန်း ကျေနပ်သွား၏။

လုလုကိုခေါ်လာသော သူ၏တပည့်များ အိမ်ခြံဝင်းအတွင်းသို့ ဝင်လာသောအခါ ကျောင်းရှောက်စန်းသည် အိမ်ပေါ်ပြတင်းပေါက်မှထွက်ကြည့်၏။

"မင်းတို့ရဲ့အစီအစဉ်တွေက ရိုးစင်းလွန်းပါတယ် မိန်းကလေးရယ်"

လုလုသည် ဘာမှ ပြန်မပြောဘဲ ရွံ့ရှာဟန်ဖြင့် တံတွေး ထွေးထုတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"တောက်··· ငါသာ လွန်ခဲ့တဲ့ဆယ်နှစ်လောက်က စိတ်နဲ့ဆို ဒီကောင်မှ မလွယ်ဘူး"

"ကဲ··ငါ့ကိုပြောစမ်းပါဦး၊ အပြင်မှာ မင်းလိုလူတွေ ဘယ်နှစ်ယောက်ကျန်သေးလဲ"

"ပြောစမ်းပါဦး၊ သူရဲကောင်းမကြီးရဲ့"

လုလုငြိမ်နေ၏။

ကျင်းရှောက်စန်းသည် ခနဲ့တဲ့တဲ့စကားဆို၏။

"ပြောစမ်းပါဦး၊ နင်တို့လူတွေ ဘယ်မှာစခန်းချနေနိုင်သေးလဲ၊ အခု နင့်ကို ဘယ်သူက ကယ်မှာလဲ"

ကျင်းရှောက်စန်းသည် သူတော်ကောင်းဟန်ဖြင့်မေး၏။

"ငါက ဒီလောက် နင်တို့အပေါ်ကောင်းနေလျက်နဲ့ နင်တို့က ဘာလို့ရန်လိုနေကြတာလဲ၊ ငါက အလုပ်လည်းပေးတယ်၊ နင်တို့အတွက် ရွာလည်းတည်ပေးတယ်၊ အစောင့်အရှောက်လဲပေးတယ်၊ ဒါနဲ့များ နင်တို့က ငါ့ကိုဘာကြောင့်တိုက်ခိုက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ”

အကြောင်းသိမဟုတ်ပါက ကျင်းရှောက်စန်းသည် သူ့ကို ပင် ပြန်၍ကျေးဇူးတင်ရမလို။

လုလုကမူ စက်ဆုပ်ရွံရှာဟန်ဖြင့်ကြည့်နေလေ၏။

ထိုစဉ် CCTV စောင့်ကြည့်နေသော တပည့်တစ်ယောက် သည် ကျင်းရှောက်စန်းကို လှမ်းခေါ်လေ၏။

“ဆရာ..ဆရာ...ဒီကိုလာကြည့်ပါဦး၊ အရေးကြီးတယ်၊ ကျွန်တော်တို့တပ်စုတစ်စုနဲ့ အဆက်အသွယ်ပြတ်သွားပြီ”

ကျင်းရှောက်စန်းသည် စက်ထိန်းချုပ်ခန်းသို့ ဝင်လာ၏။

ထိုစဉ် အဆက်အသွယ်ပြတ်သည်ဟု ပြောသော ကွန်ပျူတာ စခရင်တွင် သုထက်ပိုင်၏ မျက်နှာပေါ်လာလေ၏။

“ကျင်းရှောက်စန်း... စက်ခန်းထဲမှာ ခင်ဗျားရှိနေလား”

ကျင်းရှောက်စန်းသည် မိုက်ခလုပ်ကိုနှိပ်ပြီး ပြန်ပြော၏။

“ဟော့ကောင်...မင်းဘာလုပ်ချင်လဲ”



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းရှောက်စန်း..ခင်ဗျားမသေချင်ရင် လုလုနဲ့ ပစ္စည်းကို ပြန်ပေး၊ နောက်ပြီး ခင်ဗျား ဒီမြို့ကထွက်သွားရမယ်၊ အလုပ်သမားတွေကို လွှတ်လပ်ခွင့်ပေးရမယ်"

"မင်းပြောတာ တစ်ခုမှ မလိုက်နာဘူးဆိုရင်ကော"

"ခင်ဗျားကို ကျွန်တော် လာသတ်မယ်"

"ဟား..ဟား..ဟား..."

ကျောင်းရှောက်စန်းနှင့်တပည့်များသည် ဟာသပြက်လုံးတစ်ခုကို ကြားရသည့်အလား ရယ်မောကြ၏။

လက်နက်ကိုင်အထောက်အပံ့မရှိသောသူက သူ့လိုလူကို လာသတ်မည်ဆိုတော့ ကျောင်းရှောက်စန်း အတွက်တော့ ဟာသတစ်ပုဒ်ပင်

"ဟေ့ကောင်တွေ...အလုပ်တွေအကုန်နားလိုက်၊ ဂိတ်တံခါး အားလုံးကိုပိတ်လိုက်၊ ငါတို့ဧည့်သည်တွေကို ကြိုရအောင်"

ကျောင်းရှောက်စန်း၏တပည့်များ အလုပ်ရှုပ်သွား၏။ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



သမားများကို တန်းလျားပြန်နိုင်း၏။

ဂိတ်အားလုံးကို ပိတ်ပစ်လိုက်၏။

ခေါင်မိုးပေါ်၊ လင့်စင်ပေါ်တွင် လက်နက်အပြည့်အစုံတပ်ဆင်ထားသူများ နေရာချထား၏။

အဝင်ဝတည့်တည့်တွင် စက်သေနတ်ကိုချိန်ထားစေ၏။

ကျောင်းရှောက်စန်း၏ခြံဝန်းတစ်ခုလုံး လက်နက်ကိုင်တပ်များဖြင့် ပြည့်နေလေ၏။

"ဆရာ အားလုံးနေရာချပြီးပြီ"

"အေး...ဝင်လာတဲ့လူအကုန်ပစ်သတ်"

မကြာမီ တိုက်ပွဲကြီးဖြစ်တော့မည်။

xxxxxxxxxxx



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းရှောက်စန်း၏ခြံတစ်ခုလုံး ငြိမ်သက်နေ၏။ လူတိုင်းသည် ခြံဝလမ်းကိုသာ စိတ်ဝင်စားစွာစောင့်ကြည့်နေကြ၏။

သူထက်ပိုင်တို့ မည်သို့လာတိုက်မည်နည်း။

ကျောင်းရှောက်စန်းသည် လုလုကို အိမ်ရှေ့တိုင်တွင် ကြိုးနှင့်တုပ်နှောင်ထား၏။

သူကိုယ်တိုင်ကမူ စက်ခန်းတွင်းဝယ်နေပြီးစီစီတီဗီမှ တဆင့် သူ၏တပ်ကို ညွှန်ကြားမည်ဖြစ်၏။

အားလုံးသည် တိုက်ပွဲစိတ်ကြောင့်လက်နက်ကိုယ်စီဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှားနေကြ၏။

မကြာမီ လမ်းမကြီးပေါ်မှ ဖုန်လုံးကြီးများလွင့်လာ၏။

မြေကြီးများ သိမ့်သိမ့်တုန်လာ၏။

ခြေသံများဆူညံစွာထွက်ပေါ်လာ၏။ သုထက်ပိုင်သည် မည်သူများကိုခေါ်လာသနည်း၊ အစိုးရစစ်တပ်ကို ခေါ်လာသလော။

အားလုံးစိတ်ဝင်စားစွာ လမ်းမထက်သို့ကြည့်နေကြ၏။

လူအားလုံး၏မြင်ကွင်းဝယ် လူတစ်ယောက်ပေါ်လာ၏။ တဖြည်းဖြည်းနှင့် သူ၏ရုပ်သွင် ထင်ရှားလာ၏။

ကားဆရာ၏ပခုံးတွင် ကချင်ရိုးရာ လေမှုတ်တူရိယာတစ်ခု ထမ်းထား၏။

မျှော်နေသူကတစ်ယောက် ပေါ်လာသူကတစ်ယောက်။

ကားဆရာသည် ခြံတွင်းသို့ဝင်မလာပဲ ခြံပြင်လမ်းမထက် တွင်ရပ်ကာ ကျင်းရှောက်စန်းတို့ကို အော်ပြောလိုက်၏။

"ဒီလေမှုတ်တူရိယာရဲ့အသံကို ကြားလိုက်ရင် ခမွတေး



www.burmeseclassic.com

www.burmeseclassic.com



တွေဆိုပြီး အားလုံးကဘုရားသခင်ရဲ့ ဂုဏ်ကိုရွတ်ကြလိမ့်မယ်”

“ကျင်းရှောက်စန်း ကျုပ်ဒါကိုမှတ်မယ်၊ မကြာခင် ခင်ဗျား အမျိုးတွေလာကြလိမ့်မယ်၊ ကြိုဖို့ပြင်ထား”

ကားဆရာသည် လေမှုတ်တူရိယာကို မှုတ်လိုက်၏။

ကျင်းရှောက်စန်းသည် စီစီတီဗွီမှတဆင့် ကားဆရာပြောသောစကားများကို မြင်နေရ၏။

မကြာမီပင် လမ်းမထက်ဝယ် ဖုန်လုံးကြီးလိမ့်လာ၏။ မြေကြီးသည် လျှောင်လှုပ်သည့်အလား သိမ့်သိမ့်တုန်လာလေ၏။

တုန်ခါမှုကြောင့် ပုလင်းများ၊ ပန်းကန်များစားပွဲပေါ်မှ ကျကွဲကုန်၏။

တီဗွီအရုပ်များ မကြည့်ပဲလှိုင်းထလာ၏။ ကြီးမားသော ကျွဲအုပ်ကြီးသည် ကျင်းရှောက်စန်း၏ခြံထဲသို့ ဦးတည်ပြေးလာလေ၏။

ကျွဲရိုင်းများဖြစ်သောကြောင့် မြင်မြင်သမျှ တိုးဝှေ့ခတ်ဝှတ်



www.burmeseclassic.com

www.burmeseclassic.com



၏။

ကျောင်းရှောက်စန်း၏ ဆိုင်ကယ်များ၊ ကားများ၊ တဲအိမ်များ လူများဖရိုဖရဲကျဲကုန်၏။

"ငါက စစ်တပ်မှတ်နေတာ ကျွဲအုပ်ကြီးပဲ"

ကျောင်းရှောက်စန်းသည် အရေးမထားဟန်ဖြင့် ပြော၏။

သုထက်ပိုင်တို့သည် ခြံနောက်မှဝင်ခဲ့၏။

ကျောင်းရှောက်စန်း၏ တပည့်တစ်ယောက်သည် နောက်ဖက်သို့ပြေးလာ၏။

သုထက်ပိုင်သည် တုတ်ဖြင့်ဖြတ်ရိုက်လိုက်၏။

"ဖြောင်း..."

"အောင်မလေးဗျ"

အခြားတစ်ယောက်သည် သုထက်ပိုင်ကို သေနတ်နှင့်ပစ်လေ၏။

သုထက်ပိုင်က ခုံတစ်လုံးကို အကာအကွယ်ယူခိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း...ဒိုင်း..."

သုထက်ပိုင်ကပြန်ပစ်လိုက်၏။ ထိုသူ လဲကျသွား၏။

စိုင်းနောင်သည် ကားတစ်စင်းကို အကာအကွယ်ယူရင်း ပစ္စတိုနှစ်လက်ဖြင့် ရန်သူများကို ခုခံနေရ၏။

"ဒိုင်း...ဒိုင်း..."

ခြံထဲတွင် သေနတ်သံများ၊ ညီးညူသံများ၊ ပြေးလွှားသူများ၊ ကျွဲများဖြင့်ဆူညံနေ၏။

လူဆိုးများသည် စိုင်းနောင်ကိုမဲ၍ ပစ်နေကြ၏။

"ဒက်...ဒက်...ဒက်..."

ကားနောက်တွင် ကွယ်နေသောစိုင်းနောင်မှာ ခေါင်းပင်မဖော်နိုင်ပါချေ။

သုထက်ပိုင်မနေသာတော့ပါ။

နောက်ဖေးကပတ်ပြေးပြီး ဝိုင်းပစ်နေသောသူတွေ၏ ကျော ကိုခုန်ကန်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘုံး"

"အား"

"ဒိုင်း...ဒိုင်း...ဒိုင်း..."

ဖရိုဖရဲဖြစ်သွားသူများကို လျှင်မြန်စွာ ပစ်သတ်လိုက်၏။

"အား...အား...အား..."

ထိုအခါမှ စိုင်းနောင်အသက်ရှူချောင်သွား၏။ စိုင်းနောင်သည် အခြားနေရာသို့ပြောင်းရွှေ့လိုက်ပြီး တွေ့သမျှလူကို ပစ်နေရ၏။

"ဒိုင်း...ဒိုင်း..."

ကျင်းရှောက်စန်းသည် တီဗွီမှတဆင့် သုထက်ပိုင်ကိုမြင်နေရ၏။

"သူရဲကောင်းကြီးပေါ့လေ"

"ဒီကောင့်ကိုပစ်သတ်ကြစမ်းကွာ"

သုထက်ပိုင်သည် ရန်သူတစ်ယောက်ကို ကန်ထုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး နောက်နှစ်ယောက်ကိုပစ်ချလိုက်၏။

ထိုအခါ လင့်စင်ပေါ်တွင်ရှိသော တစ်ယောက်သည် သူထက်ပိုင်ကိုပစ်လေ၏။

"ဒိုင်း…ဒိုင်း…"

သူထက်ပိုင်သည် တဲအိမ်ကြားသို့ပုန်းရှောင်လိုက်ရ၏။

စိုင်းနောင်သည် ဂိုထောင်တစ်ခုသို့ ပြေးဝင်လိုက်၏။ လူဆိုး တစ်ဦးသည် လက်သီးနှင့်ဆီးထိုးလေ၏။

"ခွပ်"

"အား"

စိုင်းနောင်ပစ်လဲသွား၏။

လူဆိုးက ပေပါတစ်ခုကိုကိုင်ပြီးစိုင်းနောင်ကိုပေါက်လိုက်၏။

စိုင်းနောင်က ခေါင်းငုံ့ရှောင်လိုက်၏။

စိုင်းနောင်သည် ဘယ်ဘက်ကို လက်ယောင်ပြလိုက်ပြီး ဒူးနှင့်တိုက်ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခွပ်"

"အား"

ထိုသူသည် လောကကြီးနှင့် ခေတ္တအဆက်အသွယ်ပြတ်သွား၏။

ကျင်းရှောက်စန်းသည် သူ့လူတွေအခြေအနေမဟန်မှန်းသိသောအခါ တပည့်ကျော်ဇာထျန်းလျန်ကို အမိန့်ပေး၏။

"ဇာထျန်းလျန်…နတ်သမီးရုပ်ထုနဲ့ လုလုကိုခေါ်သွား၊ ဟိုကောင်တွေနဲ့တွေ့ရင် ကောင်မလေးကို ဓားစာခံလုပ်ပြီးဆက်သွား၊ ကားထဲမှာငါ့ကိုစောင့် အခြေအနေကောင်းရင် ကောင်မလေးကို သတ်လိုက်တော့"

"ဟုတ်ကဲ့ဆရာ"

ကျင်းရှောက်စန်းသည် တီဗွီမှနေမှ အခြေအနေကို ဆက်ကြည့်နေလေ၏။

သုထက်ပိုင်သည် စက်သေနတ်ကိုရသွား၏။



www.burmeseclassic.com

www.burmeseclassic.com



လူဆိုးများကို စက်သေနတ်နှင့်မွှေ့လိုက်၏။

ကျင်းရှောက်စန်း၏လူများ အတုံးအရုံးကျကုန်၏။

"အား…အား…အား…"

အခြေအနေမဟန်မှန်းသိသော ဇာထျန်းလျှန်သည် လုလုနှင့် နတ်သမီးရုပ်ထုကိုယူကာ ကားမောင်းထွက်၏။ ဒါကို စိုင်းနောင် ကမြင်လိုက်၏။

"လူယုတ်မာ ငါ့အရုပ်ယူသွားလို့မရဘူး"

စိုင်းနောင်သည် ကားတစ်စီးဖြင့် ဇာထျန်းလျှန်၏ကားကို လိုက်တိုက်လေ၏။

ဇာထျန်းလျှန်သည် စတီယာရင်နှင့်ညှပ်ကာသေဆုံးလေ၏။

စိုင်းနောင်သည် နတ်သမီးရုပ်ထုကို ကောက်ယူလိုက်၏။

စိုင်းနောင်သည် ရုပ်ထုကိုတယုတယပွတ်လိုက်ပြီး ရင်ဝယ် ပိုက်ထားလေ၏။

သုထက်ပိုင်သည် သေနတ်ကိုပစ်ချပြီး အိမ်ရှေ့မြေကွက်လပ်



www.burmeseclassic.com

www.burmeseclassic.com



သို့ထွက်လိုက်၏။

ကျင်းရှောက်စန်း၏တပည့်လူမိုက်နှစ်ယောက်က လမ်းပိတ်ရပ်နေ၏။

တစ်ယောက်သည် သုထက်ပိုင်ကိုပြေးကာလက်သီးနှင့်ထိုးလေ၏။

"သေပေတော့"

သုထက်ပိုင်က ထိုသူ၏လက်ကိုဖမ်းဆွဲကာလိမ်ချိုးလိုက်၏။

ထို့နောက် ထိုသူ၏ခါးမှသေနတ်ကိုယူကာ အခြားတစ်ယောက်ကိုပစ်လိုက်၏။

"ဒိုင်း"

"အား"

ထိုသူသည်လဲကျသွား၏။

"မင်းလက်ထဲကသေနတ်ကိုချလိုက်စမ်း"

လှည့်ကြည့်လိုက်တော့ သူ့ကိုသေနတ်နှင့်ချိန်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ကျင်းရှောက်စန်း။

သုထက်ပိုင်သည် သေနတ်ကိုမြေပေါ်ချလိုက်၏။

"ဟား…ဟား…ဟား…"

"သူ့ရဲ့ကောင်းကြီး ခုတော့ဘာတတ်နိုင်သေးလဲ၊ဘုရား၊ တရားသာ တ,ထားပေတော့"

"ဒိုင်း"

"အား"

အား ဟူသောအသံသည် သုထက်ပိုင် ထံမှမဟုတ် ကျင်းရှောက်စန်းဆီမှဖြစ်၏။

ကြည့်လိုက်တော့ သေနတ်ကိုင်လျက် ထွက်လာသော စိုင်းနောင်က ကျင်းရှောက်စန်း၏လက်ကို ပစ်လိုက်ခြင်းပင် ကျင်းရှောက်စန်းလက်မှ သေနတ်လွတ်ကျသွားလေပြီ။

"ခင့်ဗျားကြီး…ကျုပ်ဦးလေးကို သတ်ခဲ့တယ်၊ အဲဒီ့ အတွက်ပြန်ပေးဆပ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ…ငါ့ကိုပစ်လိုက်ပါ"

သုထက်ပိုင်သည် မပစ်သေးပါ။ နောက်သို့လှည့်ကြည့် လိုက်၏။

လုလုနှင့်ရွှေတူးသမား ဒေသခံများ။

သုထက်ပိုင်သည် ဘေးသို့ရှောင်ပေးလိုက်၏။ အ[illegible]ခံ ရွှေတူးသမားများသည် ကျင်းရောက်စန်းကို မြေမြုပ်ပေးလိုက်ကြ၏။

အရာအားလုံးပြီးဆုံးသွားချေပြီ။

အားလုံးအတွက် နေ့သစ်တစ်ခုစတင်လေပြီ။

လုလုသည် သုထက်ပိုင်နားသို့ရောက်လာ၏။

"ရှင်တကယ်ကြိုးစားခဲ့တာပဲ၊ အရ[illegible]က် ကျေးဇူးတင်ပါတယ်"

"ရပါတယ်၊ ကိစ္စမရှိပါဘူး"

"ကျွန်မကို စိတ်ဆိုးနေတာလား အမ်ကြို၊ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လှည့်စားမိတဲ့အတွက် တောင်းပန်ပါတယ်"

"ကျွန်မတကယ် စိတ်မကောင်းပါဘူး၊ ကျွန်မကြောင့် နတ်သမီးရုပ်ထုပျောက်ရတာ၊ စိုင်းနောင်က ခွင့်လွှတ်မယ်မထင်ပါဘူး"

"နတ်သမီးရုပ်ထုပျောက်တယ်လို့ ဘယ်သူပြောလဲ"

စိုင်းနောင်သည် ရုပ်ထုကိုကိုင်ပြီးဝင်လာ၏။

"ဟယ်…စိုင်းနောင် နင်ငါ့ကိုစိတ်မဆိုးဘူးပေါ့"

"ငါ စိတ်မဆိုးပါဘူး၊ နင်က အများအတွက်လုပ်ခဲ့တာ ပဲလေ"

ပြောပြောဆိုဆို စိုင်းနောင်သည် သူ့လက်ထဲမှ နတ်သမီး ရုပ်ထုကို လုလုကိုပေးလိုက်၏။

"ရော့…နင်ယူလိုက်"

"ငါ မယူရက်ပါဘူး စိုင်းနောင်၊ အရင်တစ်ခါမှာ့သွား တာတောင် စိတ်မကောင်းဖြစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ယူလိုက်ပါ ဒီရုပ်ထုကို ငါကိုယ်ကျိုးအတွက် မသုံးချင်တော့ပါဘူး၊ ဒီဒေသတိုးတက်ဖို့ ပြုလုပ်ပေးပါ ဒီနယ်မှာ ငါ့နာမည်ကျန်နေရင် ငါကျေနပ်ပါပြီ ဘဝဟာငွေမဟုတ်ဘူး ဂုဏ်သိက္ခာပါ"

"ဝေး"

အားလုံးသည် ပျော်ရွှင်စွာစိုင်းနောင်ကို ဂုဏ်ပြုလိုက်၏။ နတ်သမီးရုပ်တုကို ဒေသတိုးတက်ဖို့ စွန့်လွှတ်လိုက်ရသဖြင့် စိုင်းနောင် ကျေနပ်နေ၏။

လုလုနှင့်ဒေသခံများလည်း ပျော်ရွှင်နေ၏။

xxxxxxxxxxx



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

## မထင်မှတ်သော အလှည့်အပြောင်း

စိတ်လက်ပေါ့ပါးသွားသော သုထက်ပိုင်သည် အိမ်ယာပေါ်တွင် ငြိမ်သက်စွာလဲလျောင်းနေ၏။

ကိစ္စတစ်ခုပြီးဆုံးအောင်ပြုလုပ်ပေးလိုက်ရသည့် အတွက် ရင်ထဲတွင်ကျေနပ်နေ၏။

သိပ်မကြာခင် ရန်ကုန်သို့ပြန်ရန် စိတ်ကူးလိုက်၏။ ဖျတ်ကနဲ အတွေးထဲဝယ် လုလု၏မျက်နှာလေးပေါ်လာ၏။ ဘယ်ဘက်ရင်အုံသည်နွေးကနဲ ခံစားလိုက်ရ၏။

အော်…ခက်လိုက်ပါဘိ သံယောဇဉ်ကြီးရယ်…



www.burmeseclassic.com

www.burmeseclassic.com



အတွေးပင်လယ်ကြောဝယ် မျောနေသောသုထက်ပိုင် သည် ညအတော်နက်မှ အိပ်ပျော်သွား၏

"ဒုန်း...ဒုန်း"

တဝုန်းဝုန်းထုရိုက်နေသော တံခါးခေါက်သံကြောင့် သုထက်ပိုင် အိပ်ယာမှလန့်နိုးလာ၏။

"လာပြီ...လာပြီ...ဘယ်သူလဲမသိဘူး၊ အိပ်ကောင်းနေပါတယ်ဆိုမှ"

အိပ်စုံမှုံဝါးဖြင့် သုထက်ပိုင် တံခါးဖွင့်ပေးလိုက်၏။

"ဟင်...စိုင်းနောင်"

"အကိုရေ...ဒုက္ခတော့ရောက်ပြီ"

"အရေးတကြီးနဲ့ ဘာဖြစ်လာတာလဲ စိုင်းနောင်"

"နတ်သမီးရုပ်ထုကို ကေအိုင်အေလက်နက်ကိုင် အဖွဲ့ ကလုယူသွားပြီ အကိုရ၊ လုလုကိုလဲ ဖမ်းသွားပြီ၊ ဒီကောင်တွေ နတ်သမီးရုပ်ထုကိုရော လုလုကိုရောတစ်ဖက်နိုင်ငံကို ရောင်းစား လိမ့်မယ် တစ်ခုခုကြံပါဦး အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



သုထက်ပိုင်သည် အိမ်အပြင်သို့ ကြည့်လိုက်၏။ စိုင်းနောင်နှင့်အတူ ဒေသခံလေးငါးယောက်ကို တွေ့ရ၏။

"ခုခံတဲ့ဒေသခံအချို့ ဒဏ်ရာရကုန်တယ်ဗျ"

ဒေသခံတစ်ယောက်က ကချင်သံဝဲဝဲဖြင့် ဝင်ပြော၏။

"ကဲ...ကျွန်တော်ခင်ဗျားတို့နေရာလိုက်ခဲ့မယ်ဗျာ"

သုထက်ပိုင်သည် ကဗျာကယာအပေါ်အင်္ကျီကိုယူလိုက်ပြီး စိုင်းနောင်တို့နောက်သို့ လိုက်ခဲ့လေ၏။

ဒေသခံကချင်လူမျိုးတို့၏ နေရာသို့ရောက်သောအခါ အိမ်အချို့ ဖရိုဖရဲပြိုကျနေ၏။ တဲအိမ်တစ်လုံးမီးလောင်နေ၏။ ဒဏ်ရာရနေသူများကို ဆေးဆရာကပတ်တီးစီးပေးနေ ၏။

"စိုင်းနောင်"

"ဗျာ...အကို"

"ဘာဆက်လုပ်ကြမလဲ တိုင်ပင်ရအောင် လူကြီးတွေကို ခေါ်လိုက်ကွာ"

မကြာမီပင် ဒေသခံလူကြီးတစ်ချို့နှင့်သုထက်ပိုင်တို့ကား



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဖွဲ့ဆွေးနွေးကြ၏။

"ဒီအဖွဲ့က နည်းနည်းအင်အားကြီးတယ် အကို၊ ကျင်းရှောက်စန်းမရှိတာသိတော့ နယ်မြေချဲ့လာကြတာ၊ သူတို့အဖွဲ့က ရှေးဟောင်းပစ္စည်းတွေနဲ့ မိန်းကလေးတွေကို တစ်ဖက်နိုင်ငံကိုမှောင်ခိုသွင်းတယ်"

"ဟင်...ဒါဆို လုလုဒုက္ခရောက်ပြီပေါ့"

သုထက်ပိုင်ရင်ထဲတွင် လုလုအတွက် အလွန်အမင်းစိတ်ပူသွား၏။

"မဖြစ်ဖူး...ကျွန်တော်သူတို့နောက်ကို အခုချက်ခြင်းလိုက်မှဖြစ်မယ်"

"အကို...နေပါဦး...ရမ်းလုပ်လို့မဖြစ်ဘူး"

"ဟာ...အချိန်မှီမရောက်ရင် လုလုဒုက္ခရောက်မှာပေါ့"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့လည်း စိတ်ပူတာပါပဲ ဒါပေမဲ့ စနစ်တကျမဟုတ်ရင် အကို့အသက် အလကားဖြစ်တာပဲအဖတ်တင်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါအခုဘယ်လိုလုပ်ကြမလဲ"

"ကျွန်တော်သူတို့ စခန်းချတဲ့နေရာကိုသိတယ်၊ ဒီနေရာနဲ့ နဲနဲဝေးတဲ့ချောင်းတစ်ဖက်မှာ သူတို့က အမြဲလှည့်ကင်းရှိတယ်၊ အကိုသွားရင်တန်းမိမှာသေချာတယ်၊ ဒီတော့ ကျွန်တော်စသွားမယ်၊ ကျွန်တော်စခန်းထဲရောက်မှ အကိုတို့ကိုဆက်သွယ်လိုက်မယ်"

"ဖြစ်ပါ့မလား စိုင်းနောင်ရာ"

"လွယ်တော့မလွယ်ဘူး၊ ကြိုးစားကြည့်ရမှာပေါ့"

"ငါ့သဘောပြောရရင် ငါကိုယ်တိုင်လိုက်ချင်တယ် ကွာ"

"အကိုလိုက်လာလို့ အတူတူမိသွားရင် ဘယ်သူက ကယ်မှာလဲ၊ နောက်မှသာလိုက်ခဲ့ပါ ကျွန်တော်သူတို့စခန်းထဲ ဝင်နိုင်မယ်ထင်ပါတယ်"

စိုင်းနောင်သည် ဖုန်း၊ သေနတ်၊ ဓားစသောလိုအပ်သည့် ပစ္စည်းများကို ကျောပိုးအိတ်တစ်ခုအတွင်းသို့ထည့်လိုက်၏။

"စိုင်းနောင် ... သေချာလုပ်နော်၊ ငါစိတ်မချဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ဒီလောက်စိတ်ပူနေလဲ အကိုနဲ့အဖွဲ့တွေ ချောင်းနားထိလိုက်ခဲ့၊ ချောင်းဒီဘက်ကမ်းကနေ အခြေအနေကြည့်နေပေါ့"

သုထက်ပိုင်၊ စိုင်းနောင်နှင့်အဖွဲ့ဝင်သုံးယောက်သည် အတူတူထွက်လာခဲ့၏။

ချောင်းအနီးသို့ရောက်သောအခါ သုထက်ပိုင်တို့သည် ပုန်းနေခဲ့ပြီး စိုင်းနောင်တစ်ဦးတည်းသာ ချောင်းကိုဖြတ်ကူးလေ၏။

ချောင်းရေသည် စိုင်းနောင်၏လည်ပင်းနားထိနက်လေ၏။

စိုင်းနောင်သည် ကျောပိုးအိတ်ကို ခေါင်းထက်သို့ လက်နှင့်မြှောက်ကိုင်ထားပြီး သတိထားပြီးချောင်းကိုဖြတ်ကူးနေရ၏။

ချောင်းတစ်ဖက်ကမ်းသို့ရောက်ခါနီးတွင် ချောင်းတွင်း သို့ ရေလာခပ်သော လှည့်ကင်းသမားများ၏ မီးရောင်ကို စိုင်းနောင် မြင်လိုက်ရ၏။

"ဟာ…ဒုက္ခပဲ"



www.burmeseclassic.com

www.burmeseclassic.com



စိုင်းနောင်သည် ကျောပိုးအိတ်ကို ကမ်းပေါ်သို့ ပစ်တင်လိုက်၏။

"ဘုတ်..."

စိုင်းနောင်သည် ရေငုပ်ကာ ပုန်းနေလေ၏။

မီးရောင်တဝင်းဝင်းနှင့် သမန်းမြက်တောထဲမှ ကေအိုင်အေသုံးယောက် လက်နက်ကိုယ်စီနှင့်ထွက်လာ၏။

ကေအိုင်အေတစ်ယောက်သည် ရေဖူးကို ရေဖြည့် နေ၏။

ကျန်နှစ်ယောက်သည် ဟိုဟိုဒီဒီပတ်ဝန်းကျင်ကို ဓာတ်မီးနှင့်ထိုးကြည့်နေ၏။

တစ်ဖက်ကမ်းမှ ချောင်းကြည့်နေရသော သုံ့ထက်ပိုင်တို့သည် ရင်မတတနှင့်ကြည့်နေရ၏။

မကြာမီ ကေအိုင်အေတစ်ယောက်သည် စိုင်းနောင်၏အိတ်ကိုတွေ့သွား၏။

"ဟာ...ဟိုမှာဘာလဲမသိဘူး"

ကေအိုင်အေသုံးယောက်သည် ကျောပိုးအိတ်အနီးသို့ ချဉ်း



www.burmeseclassic.com

www.burmeseclassic.com



ကပ်သွား၏။

ထိုအခါတွင် ရေငုပ်နေသော စိုင်းနောင်သည် ရေမွ

လာသဖြင့် အသက်ရှူရန် ရေပေါ်သို့ခေါင်းဖော်လိုက်၏။

"ဝှန်း…"

"ဘယ်သူလဲ…လက်မြှောက်…"

ကေအိုင်အေသုံးယောက်သည် စိုင်းနောင်ကို ဓာတ်

နှင့်ထိုးကြည့်ပြီး သေနတ်နှင့်ချိန်လိုက်ကြ၏။

"ကျွန်တော့်ကို မပစ်ကြပါနဲ့ဗျာ၊ ကျွန်တော်ရွေတူးလ

တာပါ"

"ဒီနေရာက ကန့်သတ်နယ်မြေ၊ မလာရဘူးဆိုတာ မ

ဘူးလား"

"ဟုတ်…မသိလို့ပါ"

"မရဘူး… စခန်းလိုက်ခဲ့"

စိုင်းနောင်ကို ဖမ်းခေါ်သွားလေ၏။ သုထက်ပိုင်တို့သ

စိတ်ပျက်လက်ပျက်ဖြင့် နောက်ပြန်ဆုတ်ခဲ့ရလေ၏။ ငွေမရှိရသ



www.burmeseclassic.com

www.burmeseclassic.com



အထဲ စိုင်းနောင်ပါ အဖမ်းခံရသဖြင့် သုထက်ပိုင် တော်တော် စိတ်ဓာတ်ကျနေ၏။ ဒေသခံတို့၏ နေအိမ်သို့ လိုက်ခဲ့ပြီး မည်သို့လုပ်ရမည်ကို တိုင်ပင်လေ၏။

*******



www.burmeseclassic.com

www.burmeseclassic.com

ဒေသခံလူမျိုးများနေထိုင်ရာတဲသို့ ပြန်ရောက်သောအခါ အမြန်ဆုံးတိုင်ပင်ကြ၏။

"ဒီကောင်တွေ နတ်သမီးရုပ်တုနဲ့လုလုကို ဒီစခန်းမှာ ကြာကြာထားမှာမဟုတ်လောက်ဘူး၊ သူတို့ပွဲစားတွေနဲ့ တွေ့ဆုံနေကြဖြစ်တဲ့ မာန်ဟဲမြို့ကို ပို့လောက်တယ်"

"ဗျာ... မာန်ဟဲမြို့ဟုတ်လား၊ အဲဒီမြို့က ဘယ်နားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာနဲ့ဆို တစ်ရက်ခရီးလောက်သွားရတယ်၊ မာန်ဟဲမြို့ဆိုတာ မြို့သေးသေးလေးပါကွာ၊ ဒါပေမယ့် မာန်ဟဲမြို့မှာ ပိုက်ဆံရှိရင် အကုန်ရတယ်၊ ရှားပါးတိရစ္ဆာန်တွေ၊ မိန်းကလေးတွေ၊ ဘိန်းတွေ အကုန်ရတယ်၊ တရားမဝင်စီးပွားကူးသန်းရာမြို့ပေါ့ကွာ၊ တစ်ဖက်နိုင်ငံက မူးယစ်ရာဇာတွေလဲ အဲဒီမြို့ကို မကြာခဏလာကြတယ်၊ အဲဒီမြို့မှာ လုလုနဲ့ နတ်သမီးရုပ်တုကို ပြန်မရရင် လိုက်ဖို့မလွယ်တော့ဘူး"

"ဒါဆို ကျွန်တော် အခုပဲသွားမယ်ဗျာ"

"အေး…အစစအရာရာ သတိရှိပါကွာ၊ မာန်ဟဲမြို့မှာ အသက်တစ်ချောင်းဟာ တန်ဖိုးမရှိဘူးကွ"

"မင်းသွားဖို့အတွက် ဆိုင်ကယ်စီစဉ်ပေးမယ်၊ လိုအပ်တာတွေလဲ ထည့်ပေးလိုက်မယ်"

ဤသို့ဖြင့် သုထက်ပိုင်သည် သူတစ်ခါမှမရောက်ဖူးသော မာန်ဟဲမြို့သို့ဆိုင်ကယ်ဖြင့်ထွက်ခဲ့လေ၏။

မာန်ဟဲမြို့သို့ရောက်သောအခါ တည်းခိုခန်းတစ်ခုတွင်



www.burmeseclassic.com

www.burmeseclassic.com



ခဏာတည်းခိုနေရ၏။

နောက်နေ့နံနက်တွင် သုထက်ပိုင်သည် မြို့တွင်းသို့ စနည်းနာထွက်ရ၏။

အရက်ဆိုင်များ၊ မူးယစ်ဆေးဝါးသုံးစွဲသူများကို အမိက ထားပြီးမေးရ၏။

ဒါမှ မြို့မှာဘယ်သူအုပ်စိုးနေရသလဲဆိုတာ သိမှာ မဟုတ်လား။

သုထက်ပိုင် ကံကောင်း၏။ မူးယစ်ဆေးလက်ကားဖြန့်သူဆီမှ တော်တော်များများသိလိုက်ရ၏။

ဤမြို့တွင် မူးယစ်ဆေးနှင့်ပတ်သက်လာလျှင် မာန်သူသည် ဘုရင်တစ်ဆူဖြစ်၏။

တစ်မြို့လုံးရှိ ဆေးများသည် သူ့လက်မှထွက်လာခြင်းဖြစ်၏။

မာန်သူ့ဆီမှလက်ကားယူပြီးဖြန့်ချိသူမှာ အားလီ။

အားလီသည် လမ်းဘေးတွင် လက်လီဖြန့်ချိ၏။ အားလီ



www.burmeseclassic.com

www.burmeseclassic.com



သည် တစ်မြို့လုံးကို နှံ့စပ်၏။ မာန်ဟဲမြို့တစ်ခုလုံး၏သတင်းသည် အားလီဆီမှာရှိ၏။

ထို့နောက် လုဖန်နှင့် ကီဗင် ညီအစ်ကိုနှစ်ယောက်။

လုဖန်နှင့်ကီဗင်သည် မာန်သူနှင့်မဟာမိတ်ဖွဲ့ကာ စီးပွားရေးလုပ်နေကြခြင်းဖြစ်၏။

သို့သော် ညီအစ်ကိုနှစ်ဦးသည် မာန်သူကို မကျော်နိုင်သေးပါချေ။

လုဖန်တို့ညီအစ်ကိုနှစ်ဦးတွင် အတီလာဆိုသော ကိုယ်ရံတော်တစ်ယောက်ရှိ၏။ အတီလာသည် ရက်စက်၏။ သွေးအေး၏။ လုဖန်တို့၏ ရန်သူများကို ရှင်းပေးရ၏။ အသက်သေအထောက်အထား မကျန်အောင်ရှင်နိုင်၏။

သတင်းတော်တော်များများရပြီးသောအခါ သုထက်ပိုင်သည် တည်းခိုခန်းသို့ပြန်လာလေ၏။

မာန်ဟဲမြို့တွင် မာန်သူနှင့်လုဖန်တို့ကို အဓိကထား ၍ စုံစမ်းရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



လုလုနှင့်နတ်သမီးရုပ်တု တစ်ဖက်နိုင်ငံမရောက်ခင် ရအောင်ပြန်ယူရမည်။

"ဟူး… အစရှာရတာ ခက်လိုက်တာ"

သုထက်ပိုင်သည် မောမောနှင့် အိပ်ယာပေါ်တွင် ခြေပစ်လက်ပစ်အိပ်လိုက်လေ၏။

နောက်နေ့တွင် သုထက်ပိုင်သည် လုလုနှင့်နတ်သမီးရုပ်တုအကြောင်းကို စုံစမ်းရန် မြို့ထဲသို့ထွက်ခဲ့၏။

လက်ထဲတွင် ဦးလေးဖြစ်သူ၏ ကင်မရာတစ်လုံးပါ လာ၏။

တချို့အချက်အလက်တွေကို မှတ်တမ်းတင်နိုင်ဖို့ လိုရမယ်ရ ယူလာခြင်းပင်။

သုထက်ပိုင်သည် လုဖန်နှင့်ကီဗင်တို့နှစ်ဦး ကျက်စားရာဖြစ်သော AJ နိုက်ကလပ်သို့ထွက်ခဲ့၏။

ကောင်တာဘားသို့ရောက်သောအခါ ဝီစကီတစ်ခွက်မှာသောက်ပြီး အခြေအနေကို အကဲခတ်နေ၏။

သုထက်ပိုင်သည် ဟိုဟိုဒီဒီကြည့်လိုက်၏။ လူနှင့်တစ်



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းကျော်တွင် ကီဗင်သည် အရက်သောက်နေ၏။ ကီဗင်၏ ထိုင်ခုံဘေးတွင် အိတ်တစ်လုံး။ ကီဗင်သည် တစ်စုံတစ်ယောက် နှင့်စကားပြောနေ၏။

"ဟဲလို… ဘောလုံးရောက်နေပြီ လာယူပါ"

"ငှက်ကလေး‥လာမယ် ခဏစောင့်"

မကြာမီပင် စားပွဲထိုးတစ်ယောက်သည် ကီဗင်အနားသို့ ရောက်လာပြီး ကီပင်စားပွဲပေါ်သို့အရက်ခွက် ချက်လိုက်၏။

ကီဗင်က အိတ်ကိုမျက်စောင်းထိုးပြလိုက်၏။ စားပွဲထိုး ကဘာမှမပြောပဲ အိတ်ကိုယူသွား၏။

သုထက်ပိုင်နားလည် လိုက်ချေပြီ။

ဒါ…သူတို့အရောင်းအဝယ် တစ်ခုခုလုပ်နေခြင်းပင်။

ခဏအကြာတွင် သုထက်ပိုင်သည် မသိမသာစားပွဲထိုး နောက်သို့လိုက်သွား၏။

စားပွဲထိုးသည် ဝန်ထမ်းများယူနီဖောင်းလဲသောအခန်း ကိုဝင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သုထက်ပိုင်လိုက်ပင်သွားပြီး ပုန်းကာကြည့်နေ၏။

စားပွဲထိုးသည် ဗီရိုတစ်လုံးကို ဖွင့်လိုက်ပြီး ခုနက ယူလာသော အထုပ်ကို ထည့်လိုက်၏။

သုထက်ပိုင်သည် နောက်မှ မသိမသာ ချဉ်းကပ်သွားပြီး အနီးတွင်ရှိသော တုတ်တစ်ချောင်းဖြင့် စားပွဲထိုး၏ခေါင်းကို ရိုက်လိုက်၏။

"ဒုတ်..."

"အား..."

စားပွဲထိုးသည် လဲကျသွား၏။ သုထက်ပိုင်က အိတ်ကို ဖွင့်ကြည့်လိုက်၏။

"ဟာ... ဘိန်းဖြူတွေ"

"ဒါကိုအသုံးချပြီး လုလုတို့နဲ့လဲရမယ်"

သုထက်ပိုင်သည် အိတ်ကိုယူခဲ့ပြီး နိုက်ကလပ်နောက်ပေါက်မှပြေးထွက်ခဲ့လေ၏။

တည်းခိုခန်းသို့ရောက်သောအခါ အိတ်ကို ကုတင်



www.burmeseclassic.com

www.burmeseclassic.com



အောက်တွင် သိမ်းလိုက်၏။

ထို့နောက် မည်သို့မည်ပုံလုပ်ရမည်ကို တစ်ယောက်တည်း အစီအစဉ် ချနေလေ၏။

*******



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

### မုဆိုးလား သားကောင်လား

"ဟော့…လုဖန် စားပွဲထိုးရောက်ပြီလား"

"ဟိုတယ်နောက်က ငါစောင့်နေတာ၊ မလာသေးဘူး ကီဇင်"

"ဟာ…ဒီလောက်ကြာစရာမရှိပါဘူး၊ ပစ္စည်းတွေသာ ကြားထဲမှာပျောက်သွားရင် မာန်သူကသတ်လိမ့်မယ်"

ကီဇင်သည် တပည့်များကိုခေါ်ကာ ဟိုတယ်နိုက်ကလပ် နောက်ပေါက်သို့ပြေးထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဘက်က ဘယ်သူထွက်လာတာတွေလဲ လုဖန်"

"ခုနက လူစိမ်းတစ်ယောက်အိတ်ဆွဲထွက်လာတာတွေ့တယ်"

"ဟာ...ပစ္စည်းတွေဒီကောင်ယူသွားတာဖြစ်မယ် လိုက် လိုက်"

ကီဗင် လုဖန်နှင့်တပည့်များသည် သုထက်ပိုင်နောက်သို့အလျင်အမြန်လိုက်ကြ၏။

နယ်မြေကျွမ်းကျင်သူများပီပီ သိပ်မစုံစမ်းလိုက်ရပေ၊ သုထက်ပိုင်နေသော တည်းခိုခန်းကို သိသွားကြ၏

"ဟော့ကောင်တွေ...မင်းတို့အပေါ်တက်ပြီး ဒီကောင့်ကိုသတ်၊ ပစ္စည်းတွေပြန်ယူခဲ့"

"ဟုတ်ကဲ့ ဆရာကြီး"

အတီလာနှင့်တပည့်များသည် သုထက်ပိုင်အိပ်နေသော အခန်းကိုအတင်းဝင်ရောက်လာ၏။

သုထက်ပိုင်သည် ဝင်လာသောလူများကို မသိသလို



www.burmeseclassic.com

www.burmeseclassic.com



ကြိုဆိုလိုက်၏။

"ဘာကိစ္စရှိလို့ ငါ့အခန်းထဲဖွတ်ဝင်လာတာလဲ"

"ငါတို့လိုချင်စရာရှိတယ်"

သုထက်ပိုင်သည် သူ၏ပိုက်ဆံအိတ်ကိုထုတ်ပေးလိုက်၏။ အတီလာ၏တပည့်တစ်ဦးက မထီသလိုတစ်ချက်ပြုံးလိုက်ပြီး ဓားကိုဇွေ့ယမ်းပြကာ သုထက်ပိုင်အနီးသို့ချဉ်းကပ်လာ၏။

"ငါတို့ အဝတ်အစားတွေကြည့်ပါဦး၊ ခါးပိုက်နှိုက် အဆင့်ထင်နေတာလားကွ မင်းက"

ထိုသူသည် သုထက်ပိုင်ကို ဓားနှင့်ထိုးလိုက်၏။ သုထက်ပိုင်ကဓားကိုင်ထားသော လက်ကိုလိမ်ချိုးလိုက်ပြီး ဓားကိုအဝေးသို့ပစ်လိုက်၏။ -

"ထွက်သွားကြတော့"

သုထက်ပိုင်၏ ပုံစံကအေးအေးဆေးဆေးပင် ထိုသူသည် ကြောက်ပြီး နောက်သို့ဆုတ်သွား၏။

နောက်ထပ်လူဆိုးတစ်ဦးသည် လက်သီးနှင့်ပင်ထိုး၏။



www.burmeseclassic.com

www.burmeseclassic.com



"သေစမ်းကွာ"

"ဝှန်း"

"ခွမ်း"

"အား…"

သုထက်ပိုင်သည် ထိုသူကိုဖမ်းချုပ်လိုက်ပြီး ပြတင်းပေါက်မှတဆင့် အပြင်သို့ပစ်လိုက်၏။

မှန်ကွဲများနှင့်အတူ ကျလာသောတပည့်ကို ကြည့်ပြီးအောက်ကကားထဲတွင်စောင့်နေသော ကီဗင် စိတ်ဝင်စားသွား၏။

အတီလာဆီဖုန်းဆက်လိုက်၏။

"ဟော့…အတီလာ…ဘာဖြစ်နေတာလဲ"

"ဆံရာ ဒီမှာပြဿနာနည်းနည်းရှိတယ်၊ ဒီလူသိပ်မလွယ်ဘူး"

"အေး သူ့ကိုဖုန်းပေးလိုက်ကွာ"

အတီလာသည် ဖုန်းကိုသုထက်ပိုင်ထံပစ်ပေးလိုက်၏။

"မင်းဘယ်သူလဲ ဘာကြောင့်ဒီမြို့ကိုလာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့လူမှားနေပြီ၊ ကိုယ်အိမ်ကိုပြန်လိုက်တော့"

"သွားလို့မရဘူးလေကွာ…မင်းယူသွားတဲ့အိတ်ပြန်ပေးပါ"

"ဒီအတိုင်းမရဘူးလေ… အပေးအယူရှိတယ်၊ ခင်ဗျားတို့ပစ္စည်းပြန်လိုချင်ရင် ခင်ဗျားတို့လက်ထဲမှာရောက်နေတဲ့ လုလုနဲ့နတ်သမီးရုပ်ထုလဲမှရမယ်"

"ဟာ…ဟာ…မင်းကအလာကြီးပဲ"

"ကောင်းပြီလေ သူတို့ကိုအထုပ်ပေးလိုက်၊ မင်းလိုချင်တာရစေရမယ်"

"ခင်ဗျား ကတိတည်တယ်နော်"

"စိတ်ချပါ"

သုထက်ပိုင်သည် ကုတင်အောက်ကအထုပ်ကိုယူလိုက် ပြီး အတီလာကိုပေးလိုက်၏။

အတီလာသည် အိတ်ကိုယူပြီးသော် သုထက်ပိုင်ကို သေနတ်နှင့်ချိန်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မင်းတို့ယုတ်မာလှချည်လား"

အတီလာက ဖုန်းကိုမေးငေါ့ပြလိုက်၏။

"ဟော့လူ ခင်ဗျား ကတိမတည်ပါလား"

"ငါ ကတိတည်ပါတယ်၊ ဒါပေမဲ့ လုလုနဲ့နတ်သမီး ရုပ်ထုကို ဒီလောက်လွယ်လွယ်နဲ့ မင်းမရဘူးလေ၊ မင်း ငါတို့ ခိုင်းတဲ့ ကိစ္စတစ်ခုကို ထပ်လုပ်ပေးရမယ်၊ အဲဒီကိစ္စအောင်မြင်မှ လုလုနဲ့ နတ်သမီးရုပ်ထုကိုရမယ်"

"ခင်ဗျားက အမျိုးမျိုးပဲ"

"ဟဲ ဟဲ မင်းလုလုနဲ့ပစ္စည်းကိုလိုချင်ရင်တော့ ငါခိုင်းတာလုပ်ပေးပေါ့"

"ကဲ ဘာလုပ်ပေးရမလဲ"

"ဒီဖုန်းကိုယူထားလိုက်၊ ဘာလုပ်ရမယ်ဆိုတာ ငါပြောမယ် ဒါပဲ ဘိုင်"

ကျေနပ်စွာတစ်ချက်ပြုံးလိုက်ပြီး ကီဗင်နှင့်အဖွဲ့သည် ထွက်ခွာသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သုထက်ပိုင်သည် ဖုန်းတစ်လုံးနှင့် ရင်မောစွာကျန်ရစ်ခဲ့လေ၏။

*******



www.burmeseclassic.com

www.burmeseclassic.com

"တီ…တီ…တီ"

"မင်းတို့ခိုင်းတဲ့အလုပ် ငါလုပ်ပေးမယ် ဘာလဲပြော"

"ကောင်းပြီ ဒီဖုန်းကို ကိုယ်နဲ့မကွာဆောင်ထားပါ၊ မနက်ဖြန်မနက်အလုပ်စမယ် မနက်မိုးလင်းရင် ညွှန်ကြားချက်စောင့်နေပါ"

"ကောင်းပြီလေ ဒါနဲ့ လုလုနဲ့နတ်သမီးရုပ်ထုရော"

"စိတ်မပူပါနဲ့ ငါတို့ဆီမှာရှိပါတယ် မင်းသာအောင်မြင်ပါစေ"

"ငါ မင်းဖုန်းကိုစောင့်နေပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သုထက်ပိုင်သည် မနက်ဖြန်မြန်မြန်ရောက်စေချင်နေပေပြီ၊ သူသည် လုလုအတွက်စိတ်ပူနေသည် မဟုတ်ပါလော။

ကီဗင်တို့ ဘာလုပ်နိုင်းမည်ကိုမသိပေမဲ့ လောလောဆယ် လုလုနှင့်နတ်သမီးရုပ်ထုက သူတို့လက်ထဲမှာ ရှိသောကြောင့် သူတို့အလိုကျလုပ်ပေးရဦးမည်သာ။

နောက်နေ့မနက်စောစောတွင် ကီဗင်ဆီမှဖုန်းဝင်လာ၏။

"မင်းအတွက်အလုပ်ရှိတယ်၊ မြို့လယ်က မာန်ရှိန် Shopping Mall ကိုသွားပါ"

သုထက်ပိုင်သည် ရောက်အောင်သွားလိုက်၏။

"ရောက်ပြီ ဘာဆက်လုပ်ရမလဲ"

"မတ်စ်တူးကားအဖြူကိုရှာပါ နံပါတ်က AA××××"

သုထက်ပိုင်သည် ဟိုဟိုဒီဒီရှာလိုက်၏။ တွေ့ပါပြီ ကားပါကင်တွင်ရပ်ထားသော မတ်စ်တူးအဖြူတစ်စီး နံပါတ်လည်း တူ၏။

သုထက်ပိုင်သည် ကားတံခါးကိုဖွင့်လိုက်၏ အလွယ်



www.burmeseclassic.com

www.burmeseclassic.com



တက္ကူပွင့်သွား၏၊ ကားထဲဝင်ထိုင်လိုက်၏။ ကားသော့က အဆင်သင့်ချိတ်လျက်သား။

"ကားကိုမောင်းထွက်လိုက်ပါ"

"မြို့တောင်ပိုင်းက A.G အားကစားရုံဆီလာခဲ့ပါ"

သုထက်ပိုင်သည် ပြောသည့်အတိုင်းမောင်းထွက်ခဲ့၏။

"ရောက်ပြီ ဘာဆက်လုပ်ရမလဲ"

"ကားရဲ့ဒက်ရှ်ဘုတ်ထဲမှာသော့ရှိတယ် ယူလိုက်ပါ"

သုထက်ပိုင်ရှာကြည့်သော် သော့တွဲတစ်ခုနှင့်သော့တစ်ချောင်း။

"အားကစားရုံထဲဝင်သွားပါ အားကစားသမားတွေ အဝတ်လဲခန်းထဲက ဗီရိုနံပါတ် ၅ကိုဖွင့်ပါ"

ပြောသည့်အတိုင်းလုပ်လိုက်၏။ ဗီရိုထဲတွင် အိတ်တစ်လုံးကိုတွေ့ရ၏။

"အိတ်ကိုယူပြီးအပြင်ထွက်ခဲ့ပါ၊ ပြီးရင် မြို့ထွက်နားက ဆောက်လက်စ ဆယ်ထပ်တိုက်ကိုသွား အဲဒီမှာ မာန်သူရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုပစ္စည်းပေးလိုက် ဒါဆိုမင်းတာဝန်ပြီးပြီ”

သုထက်ပိုင်သည် ကားကိုမြို့ထွက်နားသို့မောင်းလာ၏။ ဆောက်လက်စတိုက်တစ်လုံးကိုတွေ့ရ၏။ ပုံစံကြည့်ရသည် တိုက်သည်ဆက်မဆောက်ဖြစ်တော့ပဲ ပစ်ထားသည့်သဘော အချို့နေရာတွင် နွယ်များရေညှိများကပ်နေပေပြီ။

သုထက်ပိုင်သည် ဓားတစ်ချောင်းကိုခြေအိပ်ကြားထဲထည့်လိုက်၏။

ကားကိုတိုက်အောက်ထိမောင်းဝင်လိုက်၏။ မာန်သူ၏တပည့်နှစ်ယောက်စောင့်ကြိုနေ၏။

မာန်သူ၏တပည့်နှစ်ဦးသည် သုထက်ပိုင်၏ ဘေးနှစ်ဖက်တွင်ခြံရံကာ မာန်သူစောင့်နေသော ငါးလွှာကိုလိုက်ပို့ကြ၏။

ငါးလွှာတွင် မာန်သူသည် ညှော့်သည်တစ်ယောက်နှင့် စကားပြောနေ၏။

သုထက်ပိုင်ဝင်လာသောအခါ ကြိုတင်သိပြီး၍ စောင့်



www.burmeseclassic.com

www.burmeseclassic.com



နေဟန်ဖြင့် ကြိုဆို၏။

"လာပါ…လာပါ ဒီမှာထိုင်ပါ"

သုထက်ပိုင်သည် တည်ငြိမ်စွာဝင်ထိုင်လိုက်၏။

"တစ်ယောက်တည်းလား"

"ဟုတ်တယ် မင်းက မာန်သူလား"

"ဟ…ရဲရင့်လှပါလား၊ ဒီမြို့မှာငါ့ကိုမာန်သူလို့ခေါ်တာ မင်းတစ်ယောက်ပဲရှိတယ်"

"ကဲ ထားပါ ညှော်သည်ကိုညှော်ခံရမှာပေါ့ ဟော့ ယူလာခဲ့စမ်း"

မာန်သူ၏တပည့်တစ်ယောက်သည် အကောင်းစား အရက်တစ်လုံးလာချ၏။

"ကဲ…သောက်ကွာ ပစ္စည်းလာပို့လို့ ဂုဏ်ပြုတာ"

သုထက်ပိုင်သည် မသောက်ပါချေ။

"ဟား…ဟား…သောက်ပါကွ၊ ဘာလဲ မင်းကအရက်ထဲမှာ အဆိပ်ထည့်ထားမှာစိုးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



မာန်သူသည် တစ်ခွက်သောက်ပြလိုက်၏။ သို့သော် သုထက်ပိုင်သည် လုံးဝမသောက်ပါချေ။ ဒီအချိန်မှာသူမသောက်သင့်မှန်းသိသောကြောင့်ဖြစ်၏။

သူ့ထက်ပိုင်သည် အိတ်ကိုပေးလိုက်၏။

"ရော့ ပစ္စည်း ကျွန်တော့်တာဝန်ကျေပြီ ဘယ်မလဲ လူလုံနဲ့ နတ်သမီးရုပ်ထု"

"ဟာ ဘာလဲ ဘယ်သူပို့ခိုင်းတာလဲ၊ မင်းက ငါ့ဆီလာ မယုံ့ညွှံ့သည်မဟုတ်ဘူးလား"

အခြေအနေထူးခြားနေ၍ မာန်သူသည် သူ၏တပည့်များကို ဝေ့ကြည့်လိုက်၏။

မာန်သူ၏တပည့်များက သုထက်ပိုင်ကိုဝိုင်းချုပ်ထားကြ၏။

အမှန်မှာ မာန်သူသည်အခြားညွှံ့သည်တစ်ယောက်ကို စောင့်နေခြင်းဖြစ်၏။

သုထက်ပိုင်ကို ညွှံ့သည်ထင်၍ ညွှံ့ခံနေခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



သူထက်ပိုင်သည်လည်း ဘာမှမသိပါချေ။

ကီဗင်ကပို့နိုင်းသောကြောင့် ဘုမသိ ဘမသိလာပေးရခြင်းဖြစ်၏။

သေသေချာချာကို မှားယွင်းနေချေပြီ။

တစ်စုံတစ်ယောက်သည် လှလှပပထောင်ချောက်ဆင် ချေပြီထိုအချိန်တွင် မာန်သူ၏တပည့်တစ်ယောက် အပြေးအလွှားဝင်လာ၏။

"ဆရာ အောက်မှာရဲတွေအများကြီးပဲ"

ထိုစဉ် မာန်သူ့ဆီဖုန်းဝင်လာ၏။

"မာန်သူ အဆင်ပြေရဲ့လား"

"ဟင်…ကီဗင် မင်းငါ့ကိုချောက်ချတယ်ပေါ့"

"အလုပ်တွေကို မင်းပဲလုပ်နေမှာလား မာန်သူ၊ ဒီနေ့ကစပြီး မင်းအလုပ်တွေ ငါလွှဲယူတော့မယ်"

"မင်း သေမယ် ကီဗင် ငါနဲ့တွေ့မယ်"

"မာန်သူ မင်းဘာမှ လုပ်လို့မရတော့ဘူး၊ မင်းပြေးပေ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဟား…ဟား…ဟား”

မာန်သူသည် ဒေါသတကြီးဖြင့်ဖုန်းကိုပေါက်ခွဲလိုက်၏။

“ဒီကောင့်ကို ပစ်ချလိုက်ကွာ”

မာန်သူ၏တပည့်များသည် သုထက်ပိုင်ကို ဝိုင်းဝန်း ထိုး ကြိတ်လိုက်ပြီး ပြတင်းပေါက်မှ ပစ်ချလိုက်၏။

သုထက်ပိုင် ကံကောင်း၏။

တိုက်အောက်တွင် တိုက်ဆောက်စဉ်က ကာထားသော ပိုက်ကွန်ရှိ၏။ ထိုပိုက်ကွန်ပေါ်သို့ သုထက်ပိုင်ကျလေ၏။ အနည်း ငယ်မူးဝေနေသည်မှအပ မည်သည့်ဒဏ်ရာမှမရရှိပါပေ။

မာန်သူသည် အနောက်ဖက်တံခါးမှဆင်းပြေး၏။ မာန်သူ ၏တပည့်များသည် မာန်သူလွတ်အောင်ကာပစ်ပေးထားကြ၏။

မာန်သူသည် ကားတစ်စီးဖြင့်မောင်းထွက်ခဲ့၏။ မာန်သူ ပြေးသည်ကိုမြင်သော သုထက်ပိုင်သည် နောက်ထပ်ကားတစ်စီး ဖြင့်နောက်ကလိုက်၏။

တိုက်ထဲတွင် ရဲများနှင့် မာန်သူ၏တပည့်များ အပြန်



www.burmeseclassic.com

www.burmeseclassic.com



အလှန်ပစ်ခတ်နေကြ၏။

မာန်သူသည် ကားကိုတရကြမ်းမောင်းပြေးနေ၏။ ဘက်ကြည့်မှန်မှ သုထက်ပိုင်လိုက်လာသည်ကို မြင်နေရ၏။ လမ်းကျဉ်းတစ်နေရာရောက်သောအခါ မာန်သူသည် လီဗာကိုလျှော့ချလိုက်၏။

သုထက်ပိုင်သည် မီလုမီခင်ဖြစ်လာ၏။ ထိုအခါကျမှ မာန်သူသည် သုထက်ပိုင်၏ကားကိုဝင်တိုက်ပစ်လိုက်၏။

"ဝုန်း"

"ခွမ်း"

သုထက်ပိုင်၏ကားသည် လည်ထွက်သွားပြီး လမ်းဘေးအုတ်ခုံကိုဝင်တိုက်ပစ်လိုက်၏။

သုထက်ပိုင်သည် တံခါးဖွင့်ကာ ချက်ချင်းထွက်လိုက်၏။

ကားနောက်ဖုံးအတွင်းသို့ အကြည့်တစ်ချက်မသိမသာရောက်သွား၏။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အမျိုးသမီးအလောင်းတစ်ခုပါလား"

အမျိုးသမီးတွင် အဝတ်အစားမရှိပါချေ။ ဝမ်းဗိုက်တွင် အပ်ချည်ဒဏ်ရာအပြည့်။

သုထက်ပိုင်နားလည်လိုက်ပြီ ဒါမိန်းကလေးကိုသတ်ပြီး ရင်ထဲက ကလီစာများကိုရောင်းစားတာ။ ဒီမြို့မှာ ကျောက်ကပ်၊ ကလီစာမှောင်ခိုဈေးကွက်တစ်ခုရှိနေသည်ကို နားလည်လိုက်၏။

ရုတ်တရက်သုထက်ပိုင်သည် လုလုအတွက်စိုးရိမ်သွား၏။

သို့သော် သူသည် ဒီနေရာမှာကြာကြာနေလို့မရ မကြာမီ ရဲများရောက်လာတော့မည်။

ဒီအချိန်မှ ရဲလက်အမိခံ၍မဖြစ်သေးပေ။ သူ့မှာလုပ်စရာ တာဝန်များစွာရှိသေး၏။

သုထက်ပိုင်သည် ထိုနေရာမှ အလျင်အမြန်ထွက်ခွာ လိုက်၏။

သူတည်းခိုခဲ့သော တည်းခိုခန်းအဟောင်းသို့ ပြန်၍ မဖြစ်ပါပေ။



www.burmeseclassic.com

www.burmeseclassic.com



နေစရာနေရာအသစ်ရှာရပေဦးမည်။

သုထက်ပိုင်သည် နာမည်မရှိသောတည်းခိုခန်းတစ်ခုကို ရှာလိုက်၏။

ထို့နောက် ကောင်းစွာအနားယူလေ၏။ ပင်ပန်းလာသော ကြောင့် နှစ်ခြိုက်စွာအိပ်ပျော်လေ၏။

* * * * * * *



www.burmeseclassic.com

www.burmeseclassic.com

ကားတစ်စီးဖြင့် တရကြမ်းမောင်းပြေးလာသောမာန်သူသည် သူခိုအောင်းခဲ့ဖူးသော ဘူတာရုံဟောင်းဆီသို့ပြေးလာ၏။

ဘူတာရုံရောက်သောအခါ ကြောက်ကြောက်လန့်လန့်နှင့်အလျှင်အမြန်ကားကိုရပ်ပြီး ဆင်းလိုက်၏။

"ဟင်"

"ဘယ်ပြေးမလဲ မာန်သူ"

ကီဗင်၏တပည့် အဝီလာနှင့်အဖွဲ့က သူ့ကိုဝိုင်းထား၏။

ကီဗင်နှင့်လုဖန်



www.burmeseclassic.com

www.burmeseclassic.com



မာန်သူ၏ဘဝကား ခိုကိုးရာမဲ့နေချေပြီ။

"မာန်သူ ဘာ ဝတာတ်နိုင်သေးလဲ"

"လွန်ခဲ့တဲ့သုံးရက်က မင်း ငါတို့ညီအစ်ကိုနှစ်ယောက်ကိုဘာပြောခဲ့လဲ မင်းမှတ်မိလား ဘိန်းဖြူထုပ်ပြန်ရှာမတွေ့ရင် ငါတို့ညီနှစ်ယောက်ရဲ့ကျောက်ကပ်ကို ရောင်းစားမယ်ဆို မင်းမှတ်မိဦးမှာပေါ့"

"ကီဗင် မင်း ငါ့စီးပွားရေးတွေ အကုန်ယူလိုက်၊ ငါ့ငွေတွေအကုန်ယူလိုက်၊ ငါတခြားနည်းနဲ့ ပိုက်ဆံရှာမယ် ငါ့ရှာရသမျှကိုလဲ မင်းကိုအပ်မယ်"

"ဘာ...တခြားနည်းနဲ့ရှာမယ်ဟုတ်လား"

"မင်းအလှည့်ရောက်မှ ကြောက်နေပြီမလား၊ မင်းက ငါတို့ကို အတင်းဖိအားမပေးခဲ့ရင် ငါတို့လဲ ဒီလိုလုပ်စရာအကြောင်းမရှိဘူး၊ အခုတော့ ငါတို့မင်းရဲ့ကျောက်ကပ်ကို ရောင်းစားမယ်၊ မင်းကိုမသေအောင်ထားမယ်၊ ပြီးမှဈေးဘယ်လောက်ရကြောင်းမင်းကိုပြောမယ်၊ အဲဒီအချိန်ကျမင်းသိလာလိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူပိုတော်လဲဆိုတာ"

မာန်သူသည် ကြောက်လန့်နေချေပြီ၊ အခုတော့ ကိုဇင်တို့ပြသမျှနေရပေတော့မည်။

ကိုဇင်သည် မာန်သူ၏နှုတ်ခမ်းဝကို ဓားနှင့်ထောက် ထားလိုက်၏။

"မလုပ် မလုပ်ပါနဲ့ကွာ"

မာန်သူတောင်းပန်နေစဉ်မှာပင် ကိုဇင်ကမာန်သူ၏အာခေါင်ကိုဓားနှင့်ဖြဲလိုက်၏။

"ရှပ်"

"အား"

မာန်သူတစ်ယောက် ကိုဇင်တို့ ညီနောင်လက်ထဲတွင် မရှုမလှ ဓာတ်သိမ်းသွားရ၏။

*******



www.burmeseclassic.com

www.burmeseclassic.com

သုထက်ပိုင်သည် စိတ်စောနေသောကြောင့် မနက် အစောကြီး နိုးနေလေ၏။

ကီဗင်တို့ကိုအစမှစ၍ စုံစမ်းရပေတော့မည် ကီဗင်ပေး ခဲ့သောဖုန်းမှစ၍ ခြေရာခံလိုက်လျှင် သဲလွန်စရနိုင်၏။

ဖုန်းရောင်းသောသူကို ကြာကြာမစုံစမ်းလိုက်ရပါ။ ဖုန်း မှောင်ခိုဈေးကွက်တွင် ရာဘိုင် ဆိုလျှင်မသိသူ မရှိပါ။ သုထက်ပိုင် သည် ရာဘိုင်၏ဖုန်းဆိုင် New Mobile သို့သွားလေ၏။

ရာဘိုင်သည် သုထက်ပိုင်ကိုမြင်သောအခါ ဖုန်းဝယ်မည့် သူအထင်နှင့်ကြိုဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"လာပါ…ကြွပါ…ဘယ် Brand ကြိုက်လဲ"

"ရော့"

"ဒေါက်"

သုထက်ပိုင်သည် ရာဘိုင်၏စားပွဲပေါ်သို့ ကီဗင်ပေးထားသောဖုန်းကို ပစ်တင်လိုက်၏။

"ဒီဖုန်းကိုဘယ်သူ့ကိုရောင်းလိုက်တာလဲ"

"ဟာ… ငါကတစ်နေ့ကိုဖုန်းအလုံးပေါင်းများစွာ ရောင်းနေတာ ဘယ်သူဝယ်လဲ ငါဘယ်သိမလဲ"

"ခင်ဗျား အသားမနာချင်ရင် ပြောပါ"

"ဘာကွ မင်းကဘာကောင်လဲ"

ရာဘိုင်၏တပည့်နှစ်ယောက်သည် သုထက်ပိုင်၏ အနီးသို့ချဉ်းကပ်လာ၏။

"ဖြောင်း"

"အား"

မေးကိုကန်မိသောကြောင့် ပက်လက်လန်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်၏လက်ကို လိမ်လိုက်ပြီးခေါ်ပိုးကိုရိုက်လိုက်၏။

"ဒုတ်"

"အိ"

ရာဘိုင်သည် သုထက်ပိုင်ကိုထိတ်လန့်သွား၏။

"မင်း...မင်း...ဘာသိချင်တာလဲ"

"ဒီဖုန်းကို ဘယ်သူ့ရောင်းလိုက်တာလဲ"

"ငါ အများကြီးတော့မသိဘူး ဒီဖုန်းကိုဝယ်သွားတဲ့သူကကျောက်ကပ်တွေကို တရားမဝင်ရောင်း၊ဝယ်တယ်၊ ရော့...ဒါသူ့လိပ်စာ"

ရာဘိုင်သည် လိပ်စာကဒ်တစ်ခုကိုပေး၏။ လပြည့်ဝန်းအလှပြင်ဆိုင်။ သုထက်ပိုင်သည် လပြည့်ဝန်းအလှပြင်ဆိုင်သို့ထွက်ခဲ့လေ၏။

လပြည့်ဝန်းအလှပြင်ဆိုင်ကို တော်တော်ရှာယူလိုက်ရ၏။ တကယ်တော့ မဖွင့်သည်မှာကြာပြီဖြစ်သော ဆိုင်ဟောင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ထားသည်မှာ မည်မျှကြာသည်မသိ ဆိုင်းဘုတ်ဆေးများပင် ပြယ်နေပေပြီ။

သုထက်ပိုင်သည် ဆိုင်အနောက်ဘက်အုတ်တံတိုင်းကို ကျော်ဝင်လိုက်၏။

မည်သူ့ကိုမျှမတွေ့ရ မည်သည့်အသံမျှမကြားရပါပေ။

သုထက်ပိုင်သည် တဖြည်းဖြည်းချဉ်းကပ်သွားမိ၏။ ပြတင်းပေါက်မှနေ၍ ခန်းဆီးစကို သာသာယာယာချောင်းကြည့်လိုက်၏။

အထဲတွင် ဂျူတီကုတ်အဖြူဝတ်ထားသော လူသုံးဦး ဆေးဖန်ချောင်းများ၊ ဆေးပုလင်းများ၊ ဖန်အိုးကြီးများဖြင့် အလုပ်ရှုပ်နေ၏။

လုဖန်ကိုလဲ တွေ့လိုက်ရ၏။

"ဟော့ မြန်မြန်လုပ်လေကွာ"

လုဖန်သည် မျက်နှာကို Mask စီးထားသောလူငယ်တစ်ဦးကိုစေခိုင်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ဦးကို ရင်ခွဲပြီး ကလီစာထုတ်နိုင်းနေခြင်း ဖြစ်၏။

ထိုသူသည် ကလေးကိုထမ်းကာ ခွဲခန်းသို့ ထွက်သွား၏။ သုထက်ပိုင်သည် နောက်ကအသာအယာလိုက်သွား၏။

ထိုသူသည် ခွဲခန်းသို့ဝင်သွား၏။ ကလေးကိုခွဲစိတ်မည့် ကုတင်ပေါ်သို့တင်လိုက်၏။

ထိုသူသည် ခွဲဓားကိုကောက်ကိုင်လိုက်၏။

ကလေးကို မူးယစ်ဆေးထိုးထားသဖြင့် ကလေးသည် မေ့သလိုအိပ်ပျော်နေ၏။

ထိုသူသည်ခွဲဓားကိုကောက်ကိုင်လိုက်၏။

ထိုအချိန်တွင် သုထက်ပိုင်ဝင်လာ၏။ ထိုသူကို သံတုတ်ဖြင့် ဦးခေါင်းကိုရိုက်လိုက်၏။ ထိုသူသည် လောကကြီးနှင့် အဆက်အသွယ်ပြတ်သွား၏။

သုထက်ပိုင်သည် ခွဲစိတ်ခန်းကိုမွှေနှောက်ရှာဖွေကြည့်၏။ သွေးနှင့်ပြည့်နေသော ပုံးများ၊ အလောင်းများထည့်ထား



www.burmeseclassic.com

www.burmeseclassic.com



သောခေါင်းများကိုတွေ့ရ၏။

ကြည့်ရသည်မှာ လူများကို ဒီမှာခွဲစိတ်ပုံရ၏။

အခြားအခန်းတစ်ခုကိုဖွင့်ကြည့်သောအခါ မိန်းကလေးများ၊ ကလေးငယ်များကိုတွေ့ရ၏။

အားလုံးသည် မူးယစ်ဆေးထိုးခံထားရသောကြောင့် မျက်လုံးများမှာ ကြောင်စီစီဖြစ်နေကြ၏။ သုထက်ပိုင်ကို မသိသလိုကြောင်ကြည့်နေကြ၏။

ထိုထဲတွင် လုလုကိုမတွေ့ရ လုလုဘယ်ရောက်နေသနည်း။

မည်သို့ဆိုစေ ဤကလေးငယ်များကိုလဲ ကယ်ရပေဦးမည်။

သုထက်ပိုင်သည် ထိုအခန်းမှထွက်လာ၏။ လမ်းတွင် လုဖန်၏တပည့်တစ်ဦးနှင့် တည့်တည့်တိုး၏။

ထိုသူက သေနတ်နှင့်ပစ်ရန်ချိန်လိုက်၏။ သုထက်ပိုင်သည် လက်ထဲက ခွဲစိတ်ခန်းသုံးဓားဖြင့် ပစ်ပေါက်လိုက်၏။

"ရှစ်"



www.burmeseclassic.com

www.burmeseclassic.com



"အား"

"ဝုန်း"

ထိုသူသည် လဲကျသွား၏။ သုထက်ပိုင်သည် ထိုသူ၏ အနီးသို့ပြေးလိုက်ပြီး သေနတ်ကိုယူလိုက်၏။

"ဘာဖြစ်နေတာလဲဟေ့"

ဆူဆူညံညံအသံကြား၍ လုဖန်နှင့်သူ့တပည့်ထွက်လာ၏။

"ဒိုင်း"

"အား"

သုထက်ပိုင်သည် လုဖန်၏တပည့်ကိုပစ်လိုက်၏။

လုဖန်သည် ထိတ်လန့်သွား၏။

"ငါ့ကို မသတ်ပါနဲ့ကွာ"

သုထက်ပိုင်သည် လုဖန်ကိုမလှုပ်နိုင်အောင် ကုလားထိုင်နှင့်တွဲကာကြိုးတုပ်လိုက်၏။

မိန်းကလေးများနှင့် ကလေးများကိုအပြင်ခေါ်ထုတ်ပြီး တစ်နေရာတွင်စုထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရဲစခန်းကိုဖုန်းဆက်ပြီး ကလေးများကိုလာခေါ်ခိုင်းလိုက်၏။

သုထက်ပိုင်သည် လုဖန်ဆီပြန်သွား၏ ကီဗင်ထံဖုန်းခေါ်လိုက်၏။

"ဟဲလို နောက်တစ်နာရီအတွင်း လုလုနဲ့နတ်သမီးရုပ်ထုကိုယူပြီး မြို့စွန်ကဘူတာရုံဟောင်းကိုလာခဲ့"

"မင်းကဘာကောင်မို့လာရမှာလဲ"

"ဒိုင်း"

"အား…အား…"

သုထက်ပိုင်က လုဖန်၏ပေါင်ကို သေနတ်နှင့်ပစ်လိုက်၏။

လုဖန်မှာ နာကျင်စွာအော်ဟစ်နေလေ၏။

"ဒါ…ဘယ်သူ့အသံလဲ"

"ကီဗင် မင်းအစ်ကို အသံတောင်မမှတ်မိဘူးလား"

"မင်း တစ်ခုခုလုပ်လိုက်ရင် မင်းအသေပဲ"



www.burmeseclassic.com

www.burmeseclassic.com



သုထက်ပိုင်သည် ဘာမှမပြောပဲ ဖုန်းချလိုက်၏။ ကီဗင်သည် သူ၏တပည့်များဖြင့် ဘူတာရုံဟောင်းသို့ထွက်လာလေ၏။

သုထက်ပိုင်သည် ဘိန်းဖြူထည့်ထားသော ကြွပ်ကြွပ်အိတ်တစ်လုံးကို အပ်ချည်ကြိုးနှင့်ချည်လိုက်၏။

အိတ်ကိုစားပွဲထောင့်စွန်းတွင် တင်လိုက်ပြီး အပ်ချည်ကြိုးကို ရေနံဆီမီးအိမ်နှင့် အခြားတစ်ဖက်တွင် တွဲချည်လိုက်၏။

အခြားစားပွဲစွန်းတွင် မီးအိမ်ကိုထားလေ၏။ မီးအိမ်သည် ဘိန်းဖြူထုပ်နှင့် အချိန်ညီမျှနေသောကြောင့် အောက်သို့ပြုတ်မကျသေးပေ။ အကယ်၍ ကြိုးပြတ်လျှင်ဖြစ်စေ ဘိန်းဖြူထုတ်ပြုတ်ကျသည်ဖြစ်စေ မီးအိမ်သည် သေချာပေါက်ပြုတ်ကျပေမည်။

သုထက်ပိုင်သည် အခြားနေရာတွင်ရှိသော ဂတ်စ်အိုးများကိုယူလာလေ၏။ ထို့နောက် ဂတ်စ်အိုးများကိုဖွင့်လေ၏။

"ရှူး...ရှူး..."

သုထက်ပိုင်သည် ဘိန်းဖြူထည့်ထားသော ကြွပ်ကြွပ်အိတ်ကိုအောက်မှ ဓားဖြင့်ဖောက်လေ၏။ ဘိန်းဖြူများသည်



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းထွက်ကျလာ၏။ ဘိန်းဖြူ၏အလေးချိန်သည် တဖြည်းဖြည်းလျော့ကျလာ၏။ မကြာမီပင် အလေးချိန်မမျှလျှင် မီးအိမ်ပြုတ်ကျပေတော့မည်။ ဂတ်စ်အိုးများသည်လည်း ဂက်စ်များပန်းထွက်နေဆဲ သုထက်ပိုင် ဘာလုပ်နေသည်ကို လုဖန်နားလည်လိုက်၏။

"မလုပ်နဲ့...မလုပ်ပါနဲ့"

"မင်းမတွေးမိဘူးလား...မင်းသတ်လိုက်တဲ့ မိန်းကလေးတွေ၊ ကလေးတွေရဲ့ ဝိညာဉ်တွေ ဒီနေရာမှာ ကျန်ခဲ့မယ်ဆိုတာ"

"ဒါတွေ ငါမသိဘူး ငါသိတာက ကျောက်ကပ်တစ်လုံး ဘယ်လောက်ရလဲဆိုတာပဲ သိတယ်"

"အေး မသေခင် သူတို့ကိုတောင်းပန်လိုက်"

သုထက်ပိုင်သည် အခန်းထဲမှထွက်ခဲ့၏။ ဘိန်းဖြူထုတ်သည်တဖြည်းဖြည်း ပေါ့လာ၏။ မီးအိမ်သည် အလေးချိန်မမျှသော အခါ ပြုတ်ကျလေ၏။

"ခွမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း...ဝုန်း"

ဂက်စ်အိုးများပေါက်ကွဲထွက်လေ၏။ တိုက်ခန်းတစ်ခု လုံးမီးလျှံများဖြင့် ပြည့်သွား၏။ လူဖန်တစ်ယောက် မရှုမလှ ဓာတ်သိမ်းသွားရလေ၏။

********



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

## အစ၏အဆုံး

သုထက်ပိုင်သည် ဘူတာရုံဟောင်းလေးသို့ ထွက်လာလေ

၏။

ကီဗင်သည် သူ၏တပည့်များနှင့် စောင့်ကြိုနေ၏။

သူ့ပုံစံက သုထက်ပိုင်ကို ဘယ်ချိန်ထသတ် သတ်ရသည့်

ပုံစံဖြစ်၏။ သူ့အစ်ကိုကိုသတ်ထားသောသူကို တွေ့ရသော်လည်း

ဒေါသသည်မျက်နှာတွင်မပေါ် အတွေ့အကြုံများသည့်သဘောပင်

"မင်းဒီကို သူ့အတွက်သေရအောင် လာတယ်၊ မင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘာတော်သလဲ”

“ဘာပဲဖြစ်ဖြစ်ပေါ့ လုလုနဲ့နတ်သမီးရုပ်ထုမရသေး သမျှ ငါတိုက်ခိုက်နေရမှာပဲ”

“လုပ်ကြည့်လေ မင်းငါ့ကို ကျော်နိုင်ရင် လုလုနဲ့နတ် သမီးရုပ်ထုကိုရမယ်”

ကီဗင်သည် အတီလာကိုမေးဆတ်ပြလိုက်၏။ အတီလာ သည် ဓားကိုကစားရင်း သုထက်ပိုင်အနီးသို့ ချည်းကပ်လာ၏။

သုထက်ပိုင်သည် ခြေနှင့်လှမ်းကန်လိုက်၏။ အတီလာ ကိုမထိပါပေ။

“ဒီလောက်နဲ့မရဘူးလေ”

အတီလာသည်အသတ်အပုတ်ကျွမ်းကျင်သူပေ။ သုထက်ပိုင် သည် အတီလာနှင့်ရေကုန်ရေခန်းသတ်ပုတ်ရ၏။

တစ်ခါတွင် အတီလာ၏ဓားသည် သုထက်ပိုင်၏ပခုံး ကိုထိုးမိသွားလေ၏။

“ရှပ်”



www.burmeseclassic.com

www.burmeseclassic.com



"အား"

အတီလာသည် ဓားကိုလက်နဲ့ဖိကာထိုးနေ၏။ သုထက်ပိုင်က အတီလာ၏လက်ကို ဖယ်နေရ၏။ မကြာမီပင် သုထက်ပိုင်သည်အတီလာ၏လက်ဖဝါးနှစ်ဘက်ကိုဆုပ်ကိုင်ပြီး ဓားဆီမှ ဖယ်ချာနိုင်၏။ ပခုံးတွင်နစ်ဝင်နေသော ဓားကိုပါးစပ်နှင့်ဆွဲနှုတ်လိုက်ပြီး တဆက်တည်းမှာပင် အတီလာ၏လည်ကိုဖြတ်ထိုးလိုက်၏။

"ဒုတ်"

"အ...အ..."

အတီလာသည် မယုံကြည်နိုင်ဟန်ဖြင့် လဲကျသွား၏။

သုထက်ပိုင်သည်လည်း ဓားဒဏ်ရာဖြင့် လဲကျသွားလေ၏။

"ဟား...ဟား ဘာတတ်နိုင်သေးလဲ ငါ့အစ်ကိုသတ်တဲ့ကောင်...သေပေတော့"

"ဒိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"အား…"

သေနတ်သံတစ်ချက် ထွက်ပေါ်လာလေ၏။ အော်ညည်းသံသည် သုထက်ပိုင်ထံမှမဟုတ်ပေ။

ကီဗင်ထံမှဖြစ်၏။ ကီဗင်၏ရင်ဘတ်တွင် သွေးကွက်တစ်ခုပေါ်လာပြီး လဲကျသေဆုံးသွားလေ၏။

သုထက်ပိုင် ကျည်ဆန်လာရာဆီကို ကြည့်လိုက်တော့ စိုင်းနောင်နှင့်ဒေသခံများ…

"ဟင်…စိုင်းနောင် ဘယ်လိုလွှတ်လာတာလဲ"

"ကျွန်တော်က ရွှေရှာသူလိုယုံအောင်လှည့်ပတ်ပြောရတာပေါ့၊ နောက်ပြီး ဒေသခံတွေက လာထုတ်ပေးတယ်လေ၊ အဲဒါနဲ့ ဒီကိုလိုက်လာတာ၊ အချိန်မီလေးပဲ အစ်ကိုရ"

"ဒါနဲ့ လုလုရော"

"အမလေး မပူပါနဲ့အစ်ကိုရာ လုလုရော နတ်သမီးရုပ်ထုရောပြန်ရပါတယ်"

"ဟူး…ခုမှ စိတ်သက်သာရာရတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



လုလုသည် သူ့ထက်ပိုင်ကို အပြုံးနှင့်ကြည့်နေလေ၏။

"အစ်ကို ဒဏ်ရာတော်တော်များလားဟင်"

"ရပါတယ်...လုလု....နဲနဲလေးပါ"

"ကဲ...နောက်မှအကြောင်းစုံရှင်းပြကြပေါ့ အခုတော့ သွားကြဲရအောင်"

လုလုသည် သူ့ထက်ပိုင်ကိုတွဲထူလိုက်၏။ အရာအားလုံး မကြာခင်အဆင်ပြေတော့မည် မဟုတ်ပါလား...။

*******



www.burmeseclassic.com

www.burmeseclassic.com

တစ်လခန့်ကြာသော် သုထက်ပိုင်သည် ကချင်ပြည်နယ်သို့ နောက်တစ်ခေါက်ပြန်ရောက်လာ၏။

"ဟယ်…အစ်ကို…ပြန်လာတယ်နော် ဘာလာလုပ်တာလဲဟင်"

"ကျွန်တော့်ပစ္စည်းလေးကျန်နေခဲ့လို့ ပြန်လာယူတာပါ"

"ဘာပစ္စည်းကျန်ခဲ့တာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ရင်ထဲကနှလုံးသားပါ"

"အို"

လုလု၏ပါးပြင်တွင် ရှက်သွေးရောင်သန်းသွား၏။

"ဟုတ်ပါတယ် လုလု ကျွန်တော်လုလုကို လက်ထပ်ပြီး ရန်ကုန်ခေါ်သွားပါရစေ···ကျွန်တော့် နှလုံးသားက လုလုဆီမှာ ကျန်ခဲ့လို့ပါ လိုက်မယ်မလားဟင် လုလု"

"အို···ဘာတွေပြောနေမှန်းမသိဘူး၊ ရှက်စရာကြီး"

သူထက်ပိုင်သည် လုလု၏လက်ကလေးကိုကိုင်လိုက်၏။

*ပရိသတ်များကိုအစဉ်လေးစားလျက်*

**ရွှေဘဝင်**



www.burmeseclassic.com